# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား

## ကယားပြည်နယ် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုး၍ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ အားလုံးပါဝင်ပူးပေါင်းညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဦးစောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



**ယနေ့** *ဖတ်စရာ*

**ပြည်သူအားလုံးနှင့် ထိုက်တန်သည့်ဒီမိုကရေစီ** — ဆောင်းပါး — စာ - ၈



**ပြည်ထောင်စု မျှော်လင့်ချက်နှင့် အပြန်အလှန်အကျိုး** — *(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး* — စာ - ၁၀

**ပေကျင်းတွင် တွေ့ဆုံမည့် ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ ယူကရိန်းအရေး ထည့်သွင်းဆွေးနွေးဖွယ်ရှိ** — နိုင်ငံတကာသတင်း — စာ - ၁၄

# ရေနှင့်မီးကို မဖြုန်းတီးဘဲ စနစ်တကျ ချွေတာသုံးစွဲ

နေ့စဉ်လူမှုဘဝများတွင် ရေနှင့်မီး(လျှပ်စစ်)တို့က မရှိမဖြစ် အရေးကြီးသည်။ သန့်ရှင်း၍ ဘေးကင်းသည့်သောက်သုံးရေနှင့် လျှပ်စစ်မီးတို့ကို မိမိတို့နိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးတို့ရှိ အိမ်ထောင်စုများအားလုံး သုံးစွဲခွင့်မရရှိသေး။ အိမ်တိုင်း၊ မိသားစုတိုင်း သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းနေရဆဲအခြေအနေတွင်သာ ရှိသေးသည်။ သို့ရာတွင် ရေနှင့်မီးတို့ အိမ်တိုင်ရာရောက် သုံးစွဲခွင့်ရရှိနေသူတို့မှာမူ တန်ဖိုးထားရကောင်းမှန်းမသိဘဲ လေလွင့်ပြုန်းတီးမှုများစွာဖြင့် သုံးစွဲနေကြဆဲဖြစ်သည်။ ရေနှင့်မီးကို စနစ်တကျသုံးစွဲရေး၊ ချွေတာသုံးစွဲရေးသည် ခြောက်သွေ့ရာသီ ဝင်ရောက်လာသည်နှင့်အမျှ ပို၍လိုအပ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါများသည့် နိုင်ငံဖြစ်သည့်အလျောက် မြန်မာလူမျိုးတို့၏အမြင်တွင် ရေသည်အပေါ်များဆုံးသော အရာဝတ္ထုအဖြစ် ရှုမြင်သည့်အကျင့်က စွဲနေသည်။ စင်စစ်အားဖြင့်မူ လူတို့ဘေးကင်းစွာ သောက်သုံးနိုင်သည့် သန့်ရှင်းသောရေသည် ထင်သလောက်မပေါများသည့်အတွက် တန်ဖိုးထားအပ်ပြီး စနစ်တကျသုံးစွဲရန်လည်း လိုအပ်သည်။ ကမ္ဘာကြီးသည် ရေကမ္ဘာကြီးဟု ဆိုရလောက်အောင် ကုန်းမြေထက် ရေများက ဖုံးလွှမ်းနေသော်လည်း ၉၈ ရာခိုင်နှုန်းဖြစ်သော ပင်လယ်ရေများသည် သောက်သုံး၍မရဘဲ ၂ ရာခိုင်နှုန်းမျှသာရှိသော ရေချိုကို သောက်သုံးနေကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေကို နိုင်ငံအတွင်းရှိ အိမ်ထောင်စုများ၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းကသာ သုံးစွဲခွင့်ရရှိနေသည်။ သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေဆိုသည်မှာ ရောဂါပိုးမွှားကင်းစင်ပြီး ကောင်းမွန်သော ရေအရင်းအမြစ်မှ အချိန်မရွေး လက်တစ်ကမ်းတွင် ရနိုင်သောရေဖြစ်သည်။ အိမ်ထောင်စုများ၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသည် မြစ်များ၊ ချောင်းများ၊ ဆည်များ၊ တူးမြောင်းများ၊ ကန်များ စသည့် မြေပေါ်ရေများကို သုံးစွဲနေကြရသည်။

ဆည်တမံများမှရေကို ဓာတ်အားထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးတို့အတွက် သုံးစွဲကြရာတွင် ခြောက်သွေ့ရာသီရောက်လာသည်နှင့်အမျှ သိုလှောင်ထားသည့် ရေပမာဏလျော့နည်းလာချိန်တွင် ရေကို ချိန်ညှိသုံးစွဲရန် လိုအပ်လာသည်။ နွေရာသီတွင် ဓာတ်အားသုံးစွဲမှုပမာဏ ပိုမိုများပြားလာပြီး နွေစပါးကဲ့သို့သော စိုက်ပျိုးသီးနှံများအတွက်လည်း ရေပေးဝေရန် လိုအပ်ချက်ရှိရာ ရေသုံးစွဲသူတို့ အလေအလွင့်မရှိ သုံးစွဲခြင်းဖြင့်သာ အဆင်ပြေနိုင်မည်ဖြစ်သည်။

မီး (လျှပ်စစ်ဓာတ်အား)သည်လည်းမလိုဘဲ မသုံးရန်၊ မဖြုန်းတီးရန်၊ စနစ်တကျသုံးစွဲရန်၊ ချွေတာသုံးစွဲရန်လိုအပ်သည်။ ဓာတ်အားခ တစ်ယူနစ်ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်းကလည်း ချွေချွေတာတာသုံးစွဲကြရန် တွန်းအားတစ်ရပ်ပင်ဖြစ်သည်။ ဓာတ်အားမဖြုန်း၊ ချွေတာသုံးခြင်းဖြင့် မိသားစုအတွက်လည်း စရိတ်သက်သာ၊ နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းစေသည်။ လျှပ်စစ်ချွေတာရေးနည်းလမ်းများကို နိုင်ငံပိုင်မီဒီယာများက မကြာမကြာဖော်ပြ၍ အသိပညာပေးလျက်ရှိသည်။ လူမရှိသည့်အခန်းများ၌ မီး၊ ပန်ကာ၊ အဲယားကွန်းတို့ ပိတ်ထားရန်၊ လူမကြည့်သည့်တီဗွီများပိတ်ရန်၊ လျှပ်စစ်ပစ္စည်းများသုံးစွဲမှုတတ်နိုင်သလောက်လျှော့ချရန်၊ LED မီးချောင်း၊ မီးလုံးများပြောင်းလဲသုံးစွဲရန်၊ ရေပိုက်များပွင့်မနေစေရန် (ရေမော်တာခဏခဏ မောင်းမနေရစေရန်အတွက်) စသည်ဖြင့် စနစ်တကျသုံးရန်၊ မဖြုန်းရန် ဆော်ဩလိုသည်။

ခြောက်သွေ့ရာသီမှသည် နွေရောက်လာသည်နှင့်အမျှ ရေနှင့်မီးတို့ ပို၍သုံးစွဲရန် လိုအပ်လာမည်ဖြစ်သည်။ သို့ရာတွင် ဆည်တမံများ၌ ရေလျော့နည်းမှုနှင့်အတူ ဓာတ်အားထုတ်လုပ်မှုလျှော့ချရသည့်ကာလလည်းဖြစ်ရာ ရေနှင့်မီးတို့ကို စနစ်တကျသုံးစွဲကြရေး၊ ချွေတာသုံးစွဲကြရေးအတွက် လူတိုင်း အိမ်ထောင်စုတိုင်းက လိုက်နာဆောင်ရွက်ခြင်းဖြင့် မိသားစုအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးတင်မောင်ဆွေအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**ပေါင်းစု စွမ်းအား မြန်ပြည် တစ်လွှား အစဉ်ရှေးရှု ပြည်ထောင်စု။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းထုတ်လုပ်ရေးဌာနမှ အထွေထွေမန်နေဂျာ ဒေါက်တာ အောင်ခိုင် ကို မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကွယ်လွန်သူ ပန်းချီဆရာကြီး ဦးခင်မောင်စန်း(မန္တလေး) တစ်နှစ်ပြည့် အမှတ်တရ (၁) ပန်းချီပြပွဲကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၃

ပန်းချီပန်းပု ကျောင်းအုပ်ကြီး (ငြိမ်း) ဦးခင်မောင်စန်း (မန္တလေး) ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်ထိ မန္တလေးတောင် ပန်းချီပြခန်းတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ပွဲစီစဉ်သူမှာ ဆရာကြီး ဦးခင်မောင်စန်း ၏ ဇနီး ဆရာမ ဒေါ်ခင်နန်းဆန်(ခ) အန်တီချို (ပန်းချီစံအိမ်မိသားစု) က စီစဉ်ခြင်းဖြစ်သည်။




ပြပွဲတွင်ဆရာကြီး ဦးခင်မောင်စန်း ရေးဆွဲခဲ့သည့် ပန်းချီကား ၆၇ ကား ပြသထားမည်ဟု သိရသည်။ ဆရာကြီး ဦးခင်မောင်စန်း ကွယ်လွန်သည်မှာ ၂၀၂၂ ဖေဖော်ဝါရီ ၂ ရက်တွင် တစ်နှစ်ပြည့်မည်ဖြစ်ပြီး ပြပွဲတွင် ဆရာကြီး ရေးဆွဲခဲ့ပြီး ယခင်ပြပွဲများတွင် မပြသရသေးသည့် ပန်းချီကားများလည်း ပါဝင်မည်ဖြစ်ကြောင်း တချို့ဟောင်းပေမဲ့ ကောင်းနေသည့် မိသားစု၏ Collection ပန်းချီအချို့လည်း ပါဝင်ပြသထားမည်ဖြစ်ကြောင်း ဆက်လက်၍လည်း အမှတ်တရပြပွဲများစွာ ကျင်းပမည်ဖြစ်ကြောင်း ဆရာမ ဒေါ်ခင်နန်းဆန်က ပြောပြသည်။

ဆရာကြီး၏ ပန်းချီလက်ရာများကို ချစ်မြတ်နိုးသူများ၊ ဆရာကြီး၏တပည့်များ အမှတ်တရ(၁) ပန်းချီပြပွဲသို့ လာရောက်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန် လိုအပ်သဖြင့် ပညာတတ်များ ပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ ၅၅ သန်းတွင် ၃ သန်းခန့်သာ ဘွဲ့ရရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမှာ အရေးကြီးသည့်အတွက် မိမိတာဝန်ယူချိန် ကာလအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❒ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကယားပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ဖွံ့ဖြိုးရေးနှင့် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကြံကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့သောဝန်ထမ်းများအနေဖြင့် အမျိုးမျိုးသော သွေးထိုးမှု၊ ခြိမ်းခြောက်မှုတို့ကြောင့် CDM ပြုလုပ်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်ကွက်မှုများရှိသော်လည်း ယခုကဲ့သို့ သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကောင်းများကို လေးစားအသိအမှတ်ပြုပါကြောင်း၊ အခက်အခဲအမျိုးမျိုးကြားမှတာဝန်ကိုမညည်းမညူဘဲဒေသကိုတိုးတက်ဖွံ့ဖြိုးလိုသော ရည်ရွယ်ချက်ဖြင့် ကြိုးစားနေမှုကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ကယားပြည်နယ်ကို သိမ်းပိုက်မည်ဟူသည့် ကြွေးကြော်မှု၊ ခြိမ်းခြောက်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့သော်လည်း သစ္စာရှိနိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် တွန်းလှန်နိုင်ခဲ့ပါကြောင်း၊ ကယားပြည်နယ် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုး၍ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ အားလုံးပါဝင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ရှေ့ဆက်၍လည်း ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ယခုကဲ့သို့ ဌာနဆိုင်ရာများ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်၍ ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် အမှုထမ်း၊ အရာထမ်းများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများက ဆောင်ရွက်ရမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ လူမှုစီးပွားဘဝ တည်ငြိမ်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ထားမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲနေမှုအခြေအနေ၊ ကျန်းမာရေး၊ ပညာရေးဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လယ်ယာသုံးစက်ကိရိယာများ ပြန်လည်စုစည်းထားမှု အခြေအနေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ လည်ပတ်နိုင်မည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မှု အခြေအနေ၊ သတ္တုသန့်စင်စက်ရုံဆိုင်ရာ အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်သည့်အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဒေသခံများ အားလုံးပူးပေါင်း

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် လုပ်ငန်းပြီးမြောက်အောင်မြင်ရန် ဒေသတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းချိန်တွင် ခေတ္တရပ်နားထားသည့်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စွမ်းအားပြည့် လည်ပတ်နိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ဌာနအလိုက်တစ်နှစ်တာလုပ်ငန်းရည်မှန်းချက်များ ထားရှိပြီးဖြစ်၍ အောင်မြင်အောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အဆိုပါ နှစ်ချက်သည် ဆက်စပ်နေပြီး စားရေရိက္ခာဖူလုံရေးအတွက် ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းမှုအပေါ်တွင် မှီတည်လျက်ရှိကြောင်း၊ မိသားစု တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မ၊ ၎င်းမှ ပြည်နယ်အဆင့်အထိ မျှော်မှန်းဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်သည့် ဌာနများအနေဖြင့်လည်း နည်းပညာ၊ အသိပညာ သွင်းအားစုများ ပံ့ပိုးပေးရန်လိုကြောင်း၊ တစ်ဖက်ကလည်း အရင်းအနှီးလိုအပ်မည်ဖြစ်၍ ဒေသတွင်းငွေကြေးစီးဆင်းမှုရှိရန်မှာ လုပ်ငန်းများ မရပ်တန့်ဘဲ အရှိန်အဟုန်ဖြင့် လည်ပတ်နေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုသည် ဒေသဖွံ့ဖြိုးမှုအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်သဖြင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **“ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် အမှုထမ်း၊ အရာထမ်းများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများက ဆောင်ရွက်ရမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ လူမှုစီးပွားဘဝ တည်ငြိမ်ဖွံ့ဖြိုးလာမည်”**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ လှိုင်ကော်မြို့ရှိ မြို့နာမ် ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လှိုင်ကော်မြို့ရှိ မြို့နာမ်ရွှေစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ရှိ မြို့နာမ် ရွှေစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

### အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော် ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### လှိုင်ကော်မြို့အဖြစ် တိုးတက်ပြောင်းလဲ

အဆိုပါ မြို့နာမ်ရွှေစေတီတော်ကို ကုန်းဘောင်ခေတ်၊ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် အလောင်းမင်းတရားကြီး ယိုးဒယားပြည်၊ အယုဒ္ဓယမြို့သို့ စစ်ချီရာလမ်းတစ်လျှောက်၌ သဲပုံစေတီများ တည်ထားကိုးကွယ်ခဲ့ရာ ယခင် ကန္တရဝတီနယ်၊ ယခု ကယားပြည်နယ်၏ မြို့တော် ယခင် သီရိဒေါရွာဦးထိပ်နေရာဖြစ်သော ယခု စေတီတော်နေရာတွင် အောင်မြေနင်း၍ အောင်မြေစေတီတော်အဖြစ် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ သီရိဒေါရွာတည်စဉ်က ရွာနာမ်စေတီဟု ခေါ်ခဲ့သော်လည်း သီရိဒေါရွာမှ လှိုင်ကော်မြို့အဖြစ် တိုးတက်ပြောင်းလဲလာခဲ့ရာ အဆိုပါစေတီအား မြို့နာမ်ရွှေစေတီတော်အဖြစ် ပြောင်းလဲကိုးကွယ်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ရှိ ဥတ္တရာရုံကျောင်းတိုက်သို့သွားရောက်၍ သီရိမင်္ဂလာပုံ(ဟော်ကြီး)ကျောင်း ဆရာတော် (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ပြည်နယ်သြဝါဒ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များ တင်ပြလျှောက်ထားကာ ဆရာတော်များထံမှ ဆုံးမသြဝါဒများ နာယူခဲ့သည်။

### အဝတ်အထည်များ ထောက်ပံ့ပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ခေတ္တတိမ်းရှောင်ရာမှ နေရပ်သို့ ပြန်လည်ထွက်ခွာကြမည့် ဖရူဆိုမြို့၊ ငွေတောင်ရွာသစ်ကျေးရွာ၊ မှုံပြာကျေးရွာနှင့် လှိုင်ကော်မြို့ပေါ်ရပ်ကွက်များမှ တိုက်ပွဲရှောင်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် အဝတ်အထည်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် လှိုင်ကော်အကျဉ်းထောင်အား သွားရောက်စစ်ဆေး၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကယားပြည်နယ် လှိုင်ကော်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် လှိုင်ကော်အကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။



### ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် တာဝန်ရှိသူများ လိုက်ပါလျက် ကယားပြည်နယ် လှိုင်ကော်မြို့ အကျဉ်းထောင်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက အကျဉ်းဦးစီးဌာနသည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်၍ စနစ်တကျတာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ စည်းကမ်းဖောက်ဖျက်မှုမရှိစေရေးနှင့် သစ္စာရှိ၍ တာဝန်ကျေပွန်စွာ အဖွဲ့စနစ်ဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများအား စည်းကမ်းများနှင့်အညီထားရှိပြီး ရသင့်ရထိုက်သည့် ကျွေးမွေးမှုများကိုလည်း အရည်အသွေးမီ ကောင်းမွန်မှန်ကန်စွာ ကျွေးမွေးရန် လိုအပ်ကြောင်း၊ အကျဉ်းသားများအား ကျန်းမာရေး စောင့်ရှောက်မှုကို ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေး အသေးစိတ်မှာကြားသည်။

ထို့နောက် အကျဉ်းထောင်ရှိ မိသားစုဝင်များနှင့် တွေ့ဆုံကာ မိသားစုဝင်အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ရန်မှာကြားကာ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ကန္တရဝတီခန်းမတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာ ရဲတပ်ဖွဲ့သည် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်၍ အမိန့်ညွှန်ကြားချက်နှင့် စည်းကမ်းများကို လိုက်နာရကြောင်း၊ အခြားဌာနများထက် လုံခြုံရေးပိုင်းဆိုင်ရာတွင် ပိုမိုတာဝန်ရှိကြောင်း၊ ဝန်ထမ်းများသည် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးအမြင်ရှိရန်နှင့် သတိဝီရိယဖြင့် နေထိုင်သွားလာလုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး အမြဲမပြတ် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ မိမိ ရုံး/ ရဲစခန်း/ ရဲကင်းများ ရန်သူတိုက်ခိုက်ခံရမှုမရှိစေရေးအတွက် ခံစစ်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ မိသားစုဝင် ရဲမေများအနေဖြင့် မိမိကိုယ်ကိုကာကွယ်ခုခံနိုင်ရေးအတွက် အခြေခံစစ်ပညာတတ်ကျွမ်းပြီး လက်နက်ငယ်ပစ်ခတ်တတ်ရန် လိုအပ်သည့်အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ သင်ကြားပေးထားသည့် အတတ်ပညာနှင့်အညီ လက်တွေ့လိုက်နာဆောင်ရွက်နိုင်ရန်လိုအပ်ပြီး စဉ်ဆက်မပျက် လေ့ကျင့်မှုပြုလုပ်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ် တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျ လိုက်နာကြရန်နှင့် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၏ အခက်အခဲများအား မေးမြန်း၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွက် ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ

- ❖ ဘာသာရေးခေါင်းဆောင်များသည် ဒေသအလိုက်၊ ဘာသာအလိုက် ကိုးကွယ်သူ ဘာသာဝင်များအပေါ် သက်ရောက်မှုကြီးသူများဖြစ်၍ ဒေသ၏အကျိုးစီးပွားအတွက် ထိရောက်သော စွမ်းဆောင်ပေးနိုင်သူများဖြစ်
- ❖ ဘာသာရေး၏ အဆုံးအမတရားတို့ဖြင့် ဒေသကို တည်ငြိမ်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်ရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ တာဝန်ရှိသူများလိုက်ပါ၍ လွိုင်ကော်မြို့ရှိ RC ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ကေ့ထိုးဘိုး(တံခွန်တိုင်)အဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များအား ယနေ့တွင် ပြည်နယ်အစိုးရ အဖွဲ့ရုံးခန်းမ၌ တွေ့ဆုံသည်။

### ဒေသပျက်စီးအောင် လုပ်ဆောင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အကျိုးအတွက် ဘာသာရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ပံ့ပိုးကူညီမှုသည် အရေးကြီးကြောင်း၊ ဘာသာရေးခေါင်းဆောင်များသည် ဒေသအလိုက်၊ ဘာသာအလိုက် ကိုးကွယ်သူ ဘာသာဝင်များအပေါ် သက်ရောက်မှုကြီးသူများဖြစ်၍ ဒေသ၏အကျိုးစီးပွားအတွက် ထိရောက်သော စွမ်းဆောင်ပေးနိုင်သူများဖြစ်ကြောင်း၊ ဘာသာရေး၏ အဆုံးအမတရားတို့ဖြင့် ဒေသကို တည်ငြိမ်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ကယားပြည်နယ်သည် အမြန်ပြန်လည်တည်ငြိမ်အေးချမ်းစေပြီး မူလအခြေအနေအတိုင်း ဖွံ့ဖြိုးစည်ပင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အေးချမ်းမှုကို လိုလားသည့်ပြည်သူများ၊ တာဝန်သိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တားဆီးချေမှုန်းနိုင်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဖြစ်ပွားမှုကြောင့် နှစ်ဖက်ထိခိုက်ကျဆုံး၊ သေဆုံးမှုများသည် မိမိတို့တိုင်းရင်းသားများသာဖြစ်၍ နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှုပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံ၏ လူသားအရင်းအမြစ်များ ဆုံးရှုံးနေခြင်းပင်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ ကျင့်သုံးလိုက်နာ ဆောင်ရွက်စေလျက်ရှိကြောင်း၊ အရေးပေါ်ကာလတစ်လျှောက် အနိမ့်ဆုံးအဆင့် အနည်းဆုံးအင်အားကိုအသုံးပြု၍ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခြိမ်းခြောက်ခြင်း၊ ပြည်သူပိုင်အဆောက်အဦများကို ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်နေကြောင်း၊ ငွေညှာစွာထိန်းသိမ်းကိုင်တွယ်မှုကို အခွင့်ကောင်းယူ၍ နိုင်ငံရေးမပါသော အကြမ်းဖက်မှုသက်သက်ကို လုပ်ဆောင်နေကြောင်း၊ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်သည်ကို လက်ခံ၍မရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသော တာဝန်အရ တပ်မတော်က ဒီမိုကရေစီစနစ်ခိုင်မာအောင် ဥပဒေနှင့်အညီ အာဏာ ၃ ရပ်အား ထိန်းသိမ်းပေးသည်ကို အာဏာသိမ်းသည်ဟူသော အကြောင်းပြချက်ဖြင့် ဒေသပျက်စီးအောင် လုပ်ဆောင်သော လုပ်ဆောင်ချက်ပင် ဖြစ်ကြောင်း။

### အနိုင်ရပါတီအား ပြန်လည်လွှဲပြောင်းပေးရမည်

အာဏာသိမ်းခြင်းသည် ရှိပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်း၍ အာဏာသိမ်းခေါင်းဆောင်နှင့် ပြည်သူအများစုလိုလားသည့် စနစ်တစ်ခုပြောင်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲအတည်ပြုရသဖြင့် အာဏာပြန်လည်လွှဲပေးနိုင်မှုသည် အာဏာသိမ်းခေါင်းဆောင်အပေါ်တွင်မူတည်ပြီး ယခု မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာထိန်းခြင်းသည် ပြည်သူနှင့် တပ်မတော်က ထောက်ခံအတည်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်) ဖြစ်နေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရန် မလိုပါကြောင်း၊ ဖွဲ့စည်းပုံမဖျက်သိမ်း၍ ဖွဲ့စည်းပုံပါ ဥပဒေများအတိုင်း အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါ ကန့်သတ်ကာလအတွင်းသာ အာဏာ ၃ ရပ်ကို ထိန်းသိမ်းပြီး အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းစဉ်များကို ဖြေရှင်းပေးနေခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပဥ္စမအချက်ပါ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ကျင်းပ၍ အနိုင်ရပါတီအား ပြန်လည်လွှဲပြောင်းပေးရမည်သာ ဖြစ်ကြောင်း။

### ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်

ပြည်တွင်းပြည်ပ သွေးထိုးမှုများကြောင့် အာဏာသိမ်းမှုဟု အထင်အမြင်လွဲမှားမှုများကို ဘာသာရေးခေါင်းဆောင်များအနေဖြင့် ရှင်းရှင်းလင်းလင်း အသိပေးထိန်းကျောင်းပေးရန်လိုကြောင်း၊ အရေးပေါ်ကာလသည် ဥပဒေမှ အချိန်ကာလ ကန့်သတ်ချက်ပေးပြီးဖြစ်၍ နိုင်ငံတော်၏လုပ်ဆောင်မှုကို အထင်အမြင်မလွဲစေလိုကြောင်း၊ ငြိမ်းချမ်းရေးအတွက် ထိတွေ့ဆက်ဆံညှိနှိုင်းမှုများ ဆောင်ရွက်စဉ် ငြိမ်းချမ်းမှု၏ အကျိုးကျေးဇူးကြောင့် အေးချမ်းစည်ပင်စွာဖြင့် ဖွံ့ဖြိုးခဲ့သည်ကို မမေ့ရန်လိုကြောင်း၊ တိုင်းရင်းသားအချင်းချင်း မကျေလည်မှု၊ အမြင်ကွဲလွဲမှုများဖြင့် ဒေသဖွံ့ဖြိုးရန်၊ နိုင်ငံတိုးတက်ရန် မဖြစ်နိုင်ကြောင်း၊ အလားတူ ဘာသာမတူညီမှုကို အကြောင်းပြ၍ သဘောထားကွဲလွဲနေ၍ မရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂ တွင် **"နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်"** ဟု ပြဋ္ဌာန်းထားပြီးဖြစ်၍ တူညီသောအခွင့်အရေးရှိပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အားလုံးတွင် တာဝန်ရှိ၍ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

### ဆုတောင်းစကားများ ပြောကြား

ထို့နောက် တက်ရောက်လာသည့် ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များဖြစ်ကြသည့် RC ခရစ်ယာန်ဘာသာမှ ဦးအီညားရှို၊ အစ္စလာမ်ဘာသာမှ ဦးမင်းလွင်၊ ဟိန္ဒူဘာသာမှ ဦးခါရ်ကာဗဟာဒူးနှင့် ကေ့ထိုးဘိုး(တံခွန်တိုင်)အဖွဲ့မှ ဦးပိုးရယ်အောင်သိန်းတို့က သက်ဆိုင်ရာဘာသာများအလိုက် လိုအပ်သည်များ ဆွေးနွေးတင်ပြပြီး ဆုတောင်းစကားများ ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်က ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်တပ်နယ်နှင့် ဖယ်ခုံတပ်နယ်တို့မှ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၊ တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် အချို့မီဒီယာမှ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် ကောလာဟလသတင်းများကို ရေးသားဖြန့်ချိလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် လွိုင်ကော်တပ်နယ်နှင့် ဖယ်ခုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူ ဆောင်ရွက်လျက်ရှိသည်မှာ ၁ နှစ်ပြည့် မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းကာလ အတွင်း အခက်အခဲ၊ အကျပ်အတည်းများအား တာဝန်သိ ဝန်ထမ်းကောင်းများဖြင့် အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံပုဒ်မ ၄၁၇ အရ သတ်မှတ်ကာလ လွန်မြောက်ချိန်၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက် ရွေးကောက်ပွဲ မဖြစ်မနေ ကျင်းပပေးရန်ရှိကြောင်း၊ သို့ရာတွင် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းပြီး အကြမ်းဖက်မှုများ မရှိရန် အဓိက အရေးကြီးသည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၊ တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် အချို့မီဒီယာမှ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် ကောလာဟလသတင်းများကို ရေးသားဖြန့်ချိလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သတင်းမှန်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိရာ အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်ကို ကာကွယ်မည်ဟူသည့် ခံယူချက်၊ ယုံကြည်ချက်မြင့်မားစွာဖြင့် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သည့်အတွက် တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်တွင်း စည်းလုံးညီညွတ်မှုကို ခိုင်မာစွာ တည်ဆောက်ကြရမည်ဖြစ်ပြီး စစ်ရေးအသိ၊ စစ်ရေးသတိရှိစွာဖြင့် နေထိုင်သွားလာ လှုပ်ရှားကြရမည်ဖြစ်ကြောင်းနှင့် ဒေသလုံခြုံရေးတာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား ရင်းရင်းနှီးနှီး သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား နယ်မြေခံတပ်ဌာနချုပ် ခန်းမ၌တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်တစ်ဦးအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

- **တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူဆောင်ရွက်လျက်ရှိသည်မှာ ၁ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၊ ယင်းကာလအတွင်း အခက်အခဲ၊ အကျပ်အတည်းများအား တာဝန်သိ ဝန်ထမ်းကောင်းများဖြင့် အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ခဲ့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**အထင်အမြင်လွဲမှားများ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော်ဖြစ်ပေါ်ခဲ့မှုအပေါ် ရှင်းလင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ် တင်ပြတောင်းဆိုခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်၊ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့မှ တုံ့ပြန်ဖြေရှင်းချက် တစ်စုံတစ်ရာမရှိသည့်အပြင် ဖေဖော်ဝါရီ ၁ ရက်တွင် မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော်ဖြင့် အနိုင်ရ NLD ပါတီက လွှတ်တော်အသစ်စတင်ရန် ဆောင်ရွက်လာခြင်းမှာ ရိုးသားမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် အစိုးရအဖွဲ့များဖွဲ့စည်းရန် ဆောင်ရွက်လာခဲ့သည်မှာ တစ်နည်းအားဖြင့် နိုင်ငံတော်အာဏာကို မတရားရယူရန် လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ရိုးသားမှန်ကန်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် လွှတ်တော်၊ အစိုးရဖြစ်စေရန်နှင့် မရိုးမဖြောင့်မှုကို ဖြေရှင်းရန်အတွက် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၇ ၊ ၄၁၈ နှင့် ၄၁၉ တို့အရ နိုင်ငံတော်တာဝန်ကို မဖြစ်မနေ ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေအရ အာဏာထိန်းသိမ်းမှုအပေါ် နိုင်ငံရေးကို ကိုယ်ကျိုးအဖြစ် အသုံးချလိုသူများနှင့် ပြည်တွင်းရေးအပေါ် အနိုင်ကျင့်စွက်ဖက်လိုသော နိုင်ငံကြီးအချို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် အာဏာသိမ်းမှုအဖြစ် နားလည်မှုလွဲမှားကာ ပြည်တွင်း ပြည်ပ နိုင်ငံသားအများစုတို့က အထင်အမြင်လွဲမှားခဲ့ရကြောင်း။

ဖေဖော်ဝါရီလ ပထမပတ်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြမှု Peaceful Protect အဖြစ် ဆန္ဒပြခဲ့သော်လည်း နောက်ပိုင်းတွင် ဆူပူမှုအသွင် Riot အဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ အနိမ့်ဆုံးအဆင့်၊ အနည်းဆုံးအင်အားတို့ဖြင့် ထိန်းသိမ်းခဲ့သည်ကို အခွင့်ကောင်းယူ၍ မင်းမဲ့စရိုက်ဆန်သည့် Anorchy mob၊ ၎င်းမှ ပုန်ကန်သောင်းကျန်းမှု Insurrection၊ ယင်းမှ အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်ခြင်း(Terrorism) အသွင်သို့ ကူးပြောင်းလာခဲ့ကြောင်း၊ ဝန်ထမ်းအချို့သည်လည်း ယုံမှားသံသယစိတ်နှင့် ခြိမ်းခြောက်ဖိအားပေးမှုများကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြောင်း၊ အလားတူ ပြည်ပနိုင်ငံကြီးအချို့ကလည်း နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေး ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘက်ပေါင်းစုံမှ အခက်အခဲများဖြင့် ၁ နှစ်တာကာလကို ဝန်ထမ်းကောင်းများ၏ **စုပေါင်းညီညာအောင်ကြောင်းဖြာစိတ်ဓာတ်**ဖြင့် ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံချစ်စိတ်အား အရင်းတည်ကာ ဝန်ထမ်းဂုဏ်သိက္ခာဖြင့် ရဲဝံ့စွာ ဆောင်ရွက်ခဲ့မှုအပေါ်အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ CDM ဝင်ရောက်သူများ၏ လစ်ဟာသွားသည့် လုပ်ငန်းတာဝန်များအပေါ် အားဖြည့်တာဝန်ထမ်းဆောင်ခဲ့မှုကိုလည်း မှတ်တမ်းတင်ပါကြောင်း။

**ရိုးသားမှုမရှိသောရွေးကောက်ပွဲ**

တပ်မတော်မှ နိုင်ငံတော်အာဏာ ထိန်းသိမ်းခဲ့ရမှုနှင့် ပတ်သက်၍ အချို့သည် ယနေ့တိုင် အယူအဆလွဲမှားမှုများ ရှိနေဆဲဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ရသည့် ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်တမျှအရေးကြီးပြီး လွတ်လပ်၍ တရားမျှတမှန်ကန်ရန် မဖြစ်မနေ၊ မရှိမဖြစ်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပါတီများစွာမှ မကျေနပ်ချက်များကို ထုတ်ဖော်ပြောဆိုမှုများရှိခဲ့ကြောင်း၊ အာဏာရပါတီအနေဖြင့် နိုင်ငံတော်အကြီးအကဲများကို ခန့်အပ်တာဝန်ပေးခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ ကို ချိုးဖောက်ကာ နိုင်ငံတော်အဆင့် အခွင့်အာဏာဖြင့် ပါတီကိစ္စရပ်များလည်း သိသိသာရော မသိမသာသည်များပါ ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလများအတွင်း အခြားပါတီများကို ကန့်သတ်ချက်များဖြင့် မဲဆွယ်စေခြင်း၊ ရုပ်သံမှ ပါတီအသီးသီး၏ မူဝါဒများ ရှင်းလင်းမှုအပေါ်တွင်လည်း ယခင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် မပြုလုပ်ခဲ့သည့် ဆင်ဆာဖြတ်တောက်မှုများ ဆောင်ရွက်ခြင်းများရှိခဲ့ကြောင်း၊ မဲပေးရာတွင် အငြင်းပွားဖွယ်ရာကြိုတင်မဲကိစ္စရပ်များအပြင် အချိန်ကျော်လွန်မဲပေးမှုများ ရှိခဲ့ကြောင်း၊ အချို့သော ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များ အနေဖြင့် မိမိနှင့် မိမိ မိသားစုမှပေးသည့် ထောက်ခံမဲကိုပင် မရရှိသည်အထိ မဲမသမာမှုများ ရှုပ်ထွေးခဲ့ကြောင်း၊ အဆိုပါ မသင်္ကာဖွယ်ရာ မဲရလဒ်များနှင့် ပတ်သက်၍ ရှင်းလင်းပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့သော်လည်း မရှင်းလင်းပေးခဲ့ကြောင်း၊ ရိုးသားမှုမရှိသော ရွေးကောက်ပွဲ၏ ရွေးချယ်မှုသည် ရိုးသားဖြောင့်မတ်မှန်ကန်သည့် ကိုယ်စားလှယ်အား ရွေးချယ်နိုင်မည် မဟုတ်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်များမှ နိုင်ငံအကြီးအကဲကို ရွေးချယ်ရမည်ဖြစ်၍ မှန်ကန်သည့် ခေါင်းဆောင်ကို ရွေးချယ်နိုင်မည် မဟုတ်ကြောင်း။

ထိုသို့ အခြေအနေများကြောင့် တပ်မတော်အနေဖြင့် ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ တို့အရ အာဏာ ၃ ရပ်ကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီကို ခိုင်မာအောင် ထိန်းသိမ်းပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရာတွင်လည်း စစ်ဘက်နှင့် အရပ်ဘက်ကို မျှတစွာ ဖွဲ့စည်း၍ တိုင်းရင်းသားများလည်း ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

**စည်းလုံး ညီညွတ်စွာ ကြိုးပမ်း**

အရေးပေါ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း စီးပွားရေးအကျပ်အတည်း၊ နိုင်ငံတကာဖိအားနှင့် အကြမ်းဖက်မှုလုပ်ရပ်များကို ပြည်သူလူထုအားကို ရယူ၍ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းပါဝင်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးပါက ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်မြေအေးချမ်းရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းကောက်ခံခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲရုံထောင်ခြင်းများ ကောင်းမွန်မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်မည် ဖြစ်သကဲ့သို့ မဲပေးသည့်သူများသည်လည်း အကြောက်တရားကင်းစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မိမိဆန္ဒနှင့်အညီ မဲပေးခွင့်ရရန် လိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ ၂၀၂၂ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းပြီး အကြမ်းဖက်မှုမရှိမှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစမှအဆုံး အောင်မြင်နိုင်မည်ဖြစ်ပြီး အောင်မြင်နိုင်အောင်လည်း ပြည်သူတစ်ရပ်လုံးမှ ယုံမှားသံသယကင်းရှင်းစွာဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုရှိနေပါလျှင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းရှိမည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲအား ကျင်းပနိုင်ခြင်းမရှိပါက အနိုင်ရကိုယ်စားလှယ်လောင်းများ၊ ၎င်းမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့များ ပေါ်ထွက်လာနိုင်မည်မဟုတ်သည်ကို ယနေ့ မတရားအာဏာသိမ်းခြင်းနှင့် အာဏာဝင်ရောက်ထိန်းသိမ်းဆောင်ရွက်နေမှုအပေါ် အယူအဆနှင့် ယုံကြည်မှုလွဲမှားလျက် အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းနေသူများနှင့် မြှောက်ပင့်ပေးနေသူများ သတိပြုရန်လိုအပ်ပါကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပေးထားသည့် ကတိအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မူဝါဒဖြစ်ပြီး အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာပြည့်ဝရေး၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို မျှော်မှန်း၍ တက်ညီလက်ညီ လျှောက်လှမ်းကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ့သားကောင်းအဖြစ် တာဝန်ကျေပွန်၍ လိပ်ပြာလုံစွာ ရပ်တည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ ကယားပြည်နယ်မှ တိုင်းရင်းသားအားလုံးသည်လည်း ပြည်ထောင်စု၏ ညီအစ်ကိုမောင်နှမများဖြစ်၍ အရေးကြီးခဲ့ချိန်တွင် သွေးစည်းစွာဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့သည့် သမိုင်းအထောက်အထားများ ရှိကြောင်း၊ ပြည်နယ်အတွင်း ဒေသထွက်ကုန်ကောင်းများစွာရှိ၍ စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေမြင့်မားပြီး ကယားပြည်နယ်၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ “စုပေါင်းညီညာအောင်ကြောင်းဖြာ” ဆိုသည့်အတိုင်း ပြည်နယ်သူ၊ ပြည်နယ်သား အားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းမှုဖြင့် တည်ငြိမ်၍ မူလ အခြေအနေထက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်သော ပြည်နယ်ကြီးတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ပစ္စည်းများအား ပေးအပ်ရာ ဝန်ထမ်းမိသားစုများကိုယ်စား ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်ကျော်အုန်းက လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးပစ္စည်းများပေးအပ်ရာ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဋ္ဌေးလွင် ကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူအားလုံးနှင့် ထိုက်တန်သည့်ဒီမိုကရေစီ

## ကနောင်

ဒီမိုကရေစီစနစ်ဟာ တိုင်းပြည်အုပ်ချုပ်တဲ့စနစ်တွေအနက် အခက်ခဲဆုံးစနစ်တစ်ခုဖြစ်ပြီး ပြည်သူပြည်သားတွေရဲ့ အသိဉာဏ်ပညာနဲ့ဆင်ခြင်တုံတရား မလုံလောက်ခဲ့ဘူးဆိုရင် ဒီမိုကရေစီစနစ်ဟာ ဗရုတ်သုကန္တဖြစ်စေနိုင်တယ်လို့ မြန်မာနိုင်ငံသား၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က ဆိုခဲ့ဖူးသည်။

ထို့အတူ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ဒီမိုကရေစီဆိုတာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ပေးရုံ၊ အစိုးရအဖွဲ့ဖွဲ့ရုံနဲ့မပြီးဘဲ ပြည်သူ့အရေးကို ရှေ့တန်းတင်၊ ပြည်သူ့ဘဝကိုမြှင့်တင်၊ သိမြင်အောင် ဆောင်ရွက်နိုင်မှ ဒီမိုကရေစီရဲ့ အနှစ်သာရ၊ ပြည်သူတွေမျှော်မှန်းတဲ့ ဒီမိုကရေစီဖြစ်မည်ဟု မိန့်ခွန်းတစ်ရပ်၌ ပြောကြားခဲ့ဖူးသည်။

**ဒီမိုကရေစီစနစ်၏ အလိုအပ်ဆုံးအခြေခံနှစ်ခု**

ဒီမိုကရေစီစနစ်သည် ပြည်သူ့ထံမှ ဆင်းသက်လာသည့် အာဏာအရ အုပ်ချုပ်သည့်စနစ်တစ်ခုဆိုလျှင် မပြည့်စုံသေး၊ ဒီမိုကရေစီစနစ်၏ အလိုအပ်ဆုံးအခြေခံနှစ်ခုမှာ စည်းနှစ်စည်းဖြစ်သည့် စည်းကမ်းရှိမှုနှင့် စည်းလုံးညီညွတ်မှု လိုအပ်သည်။ ထို့ပြင် တရားမျှတမှု၊ လုံခြုံပြည့်ဝမှု၊ တန်းတူရည်တူရှိမှုဟူသည့် လူမှုရေးရာအကြောင်းအရာများ ပါဝင်သလို၊ လူအများ၏ စိတ်ဓာတ်အရည်အသွေးများဖြစ်သည့် သည်းခံခွင့်လွှတ်မှု၊ စိတ်ရှည်နားလည်မှုတို့ လိုအပ်သည်။

ဒီမိုကရေစီဘိုးအေကြီးများဟု ခေါ်ဆိုထိုက်သည့် နိုင်ငံများတွင် လူမျိုးရေး၊ ဘာသာရေး၊ ပညာရေး အစစအရာရာ တန်းတူညီမျှမှုရှိသည်။ ကောင်းလေစွ။ သို့တိုင်အောင် အစွန်းရောက်အကြမ်းဖက်သမားတို့ တိုက်ခိုက်မှုလည်း မကင်းသေးချေ။ အပြစ်မဲ့ ပြည်သူများကို အစွန်းရောက်သူများက သတ်ကြဖြတ်ကြသည့်အခါ ဒီမိုဘက်တော်သားများက ငါတို့ ဒီလောက် ဒီမိုကရေစီပိုင်ဆိုင်ထားလျက်နှင့်ဆိုကာ ခံပြင်းကြသည်။

ဥပမာအားဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့က ချာလီဟာဘ်ဒို ကာတွန်းမဂ္ဂဇင်းတိုက်ကို ဘာကြောင့် အကြမ်းဖက်သမားတွေ ဝင်ရောက်ပစ်ခတ်ခဲ့သလဲ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဟူသည့် ဒီမိုကရေစီ၏စံနှုန်းဖြင့် တစ်ဖက်ကို ထိခိုက်စေခဲ့မိခြင်းသည် ပြဿနာ၏ အစဖြစ်သည်။ ကမ္ဘာမှာ ဒီမိုကရေစီတော်လှန်ရေးကိုစတင်ခဲ့သည့် ပြင်သစ်တို့က လွတ်လပ်ခြင်းဟူသည့် လက်ဝဲအတွေးအခေါ် အပြည့်ဖြင့် အခြားသူများ တန်ဖိုးထားသည့်အရာအချို့ကို ချိုးဖောက်မိရာ၊ ဆွမိရာရောက်ခြင်းဟု ပြောဆိုဝေဖန်ကြတာ ရှိခဲ့သည်။ အစိုးရက လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်ကို ကာကွယ်ဖို့နှင့် အစွန်းရောက် အကြမ်းဖက်ဝါဒကို လက်မခံကြောင်း ကြေညာခဲ့သည်။

**လွတ်လပ်ခွင့်နှင့်ဒီမိုကရေစီ**

အကြမ်းဖက်ခြင်းကို လက်သင့်မခံသည့်တိုင် ထိလွယ်ရှလွယ်ကိစ္စရပ်များနှင့် စံသတ်မှတ်မှုတန်ဖိုးများကို မထိမဲ့မြင်မှုသည် ဒီမိုကရေစီနှင့် မလျော်ဟု ယူဆမိပါသည်။ ဒီမိုကရေစီသည် မည်သူတစ်ဦးတစ်ယောက်အပေါ်မျှ ထိခိုက်မှု၊ အဟန့်အတား၊ စိတ်အနှောင့်အယှက်မဖြစ်စေဘဲ ဥပဒေဘောင်အတွင်းမှာ နေထိုင်သည့် လွတ်လပ်ခြင်းမျိုး၊ သူတစ်ပါးက ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်ခြင်းကို လေးစားအသိအမှတ်ပြုခြင်းမျိုးသာ ဖြစ်သင့်သည်။ ထို့ကြောင့်ပင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသည်သာ အကောင်းမွန်ဆုံးသော ဒီမိုကရေစီနည်းလမ်းဟု ဆိုချင်ပါသည်။

**စည်းကမ်းရှိမှု**

ဒီမိုကရေစီစနစ် အခြေခံဖြစ်သည့် စည်းကမ်းရှိမှုဟု ဆိုလိုက်လျှင် လမ်းပေါ် ကွမ်းတံတွေးထွေး၊ အမှိုက်ပစ်သည်ကိုသာ ဆိုလိုသည် မဟုတ်၊ ထိုမှအစ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ လူမျိုးရေး၊ စီးပွားရေး အစရှိသည့် နယ်ပယ်အသီးသီး၌ စည်းစနစ်တကျနှင့် ပြည်သူပြည်သားတိုင်းက အံ့ဝင်ခွင်ကျ၊ နိုင်ငံကြီးသား ပီသစွာနေထိုင်နိုင်ဖို့ လိုအပ်ပါသည်။ ထို့အတူ ဒီမိုကရေစီစနစ်ကိုပိုင်ဆိုင်လိုသည့် နိုင်ငံသားတွေဖြစ်သည်ဟုဆိုကာ ငါနှင့်မတူ ငါ့ရန်သူစိတ်ထားပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ပြည်နယ်နှင့် တစ်ပြည်နယ်၊ တစ်ပါတီနှင့်တစ်ပါတီ တိုက်ခိုက်ရန်လို အပြစ်ရှာနေလျှင် စည်းလုံးညီညွတ်မှု အားနည်းပြီး ဒီမိုကရေစီနှင့်အလှမ်းဝေးနေဦးမည်ပင်။ ဒီမိုကရေစီနိုင်ငံသားတွေဟုဆိုပြီး နိုင်ငံအကျိုးစီးပွားအတွက် ဘယ်ဘက်ကမှ ကူညီမှုမရှိ ကန့်လန့်တိုက် ထင်ရာစိုင်းနေကြမည်ဆိုလျှင်လည်း ဒီမိုကရေစီ တာရှည်ခံမည်မဟုတ်။

**ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ပုံသဏ္ဍာန်**

ထို့အတူ နိုင်ငံအလိုက် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု ပုံသဏ္ဍာန်များကလည်း ထပ်တူကျနိုင်မည်မဟုတ်ပါ။ ဒီမိုကရေစီကို အခြားနိုင်ငံတစ်ခုကနေ မှာယူတင်သွင်းဖို့ ကြိုးစား၍လည်း မရနိုင်ပါ။ ဥပမာအားဖြင့် အင်္ကျီချုပ်သမားသည် အဝတ်တစ်ထည် ချုပ်လုပ်နိုင်ဖို့အတွက် အတိုင်းအတာကို သိရှိကာ မလိုအပ်သည်များကိုဖြတ်ညှပ်၍ လည်းကောင်း၊ ဝတ်ဆင်မည့်သူနှင့် လိုက်ဖက်ညီမည့် အဆင်တန်ဆာတို့ကို ထည့်သွင်း၍ လည်းကောင်း အထည်ကို အကောင်းဆုံး ချုပ်လုပ်ကြသကဲ့သို့ ဒီမိုကရေစီသည်လည်း နိုင်ငံတစ်နိုင်ငံချင်းစီ၏ နိုင်ငံရေးဖြတ်သန်းမှု၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အလေ့အထနှင့် တိုင်းသူပြည်သားများ၏ တန်ဖိုးထားမှုစံနှုန်းများ၊ ပညာအရည်အချင်းများ၊ စိတ်ဓာတ်အခြေအနေများ၊ တွေးခေါ်မှုအယူအဆများ စသည့် မတူညီသည့်အချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ အသင့်လျော်ဆုံးဖြစ်မည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု (Democratization) အဆင့်ဆင့်ကို ပြည်သူများအားလုံးက ဝိုင်းဝန်းပံ့ပိုးပေးကြဖို့ လိုအပ်မည်ဟု စာရေးသူကတော့ ထင်မြင်မိပါသည်။

**မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း**

မိမိတို့နိုင်ငံနှင့် ဒီမိုကရေစီခရီးသည် ၂၀၀၈ ခုနှစ်တွင် ပေါ်ထွက်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှစတင်သည်။ ယင်းအခြေခံဥပဒေဖြင့် အရပ်သားအစိုးရ နှစ်ဆက်တာဝန်ယူခဲ့ပြီး ဖြစ်သည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲခြင်း၏ အခြေခံလုပ်ငန်းစဉ်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပါသည်။ ပြည်သူရွေးချယ်မှုဖြင့် တာဝန်ယူ၊ တာဝန်ခံမည့် အစိုးရတစ်ရပ်သည် ရှေ့အစိုးရအဖွဲ့တို့၏ အားနည်းချက်များကို ပြုပြင်ရင်း၊

စာမျက်နှာ ၉ သို့

**❒ ထိလွယ်ရှလွယ်ကိစ္စရပ်များနှင့် စံသတ်မှတ်မှုတန်ဖိုးများကို မထိမဲ့မြင်မှုသည် ဒီမိုကရေစီနှင့်မလျော်ဟု ယူဆမိပါသည်။ ဒီမိုကရေစီသည် မည်သူတစ်ဦးတစ်ယောက်အပေါ်မျှ ထိခိုက်မှု၊ အဟန့်အတား၊ စိတ်အနှောင့်အယှက်မဖြစ်စေဘဲ ဥပဒေဘောင်အတွင်းမှာနေထိုင်သည့် လွတ်လပ်ခြင်းမျိုး၊ သူတစ်ပါးက ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်ခြင်းကို လေးစားအသိအမှတ်ပြုခြင်းမျိုးသာ ဖြစ်သင့်သည်။ ထို့ကြောင့်ပင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသည်သာ အကောင်းမွန်ဆုံးသော ဒီမိုကရေစီနည်းလမ်း ဟု ဆိုချင်ပါသည်**



ဒီမိုကရေစီ၏လွတ်လပ်စွာပြောဆိုခွင့်ကို အလွန်အကျွံသုံး၍ တစ်ဖက်ကိုထိခိုက်စေခဲ့ရာမှ အစပြုခဲ့သည့် ပြင်သစ်နိုင်ငံ ချာလီဟာဘ်ဒို ကာတွန်းမဂ္ဂဇင်းတိုက်အား တိုက်ခိုက်မှု။

**◆ မိမိတို့နိုင်ငံနှင့် ဒီမိုကရေစီခရီးသည် ၂၀၀၈ ခုနှစ်တွင် ပေါ်ထွက်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှစတင်သည်။ ယင်းအခြေခံဥပဒေဖြင့် အရပ်သားအစိုးရ နှစ်ဆက်တာဝန်ယူခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲခြင်း၏ အခြေခံလုပ်ငန်းစဉ်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခြင်း ဖြစ်ပါသည်။ ပြည်သူရွေးချယ်မှုဖြင့် တာဝန်ယူ၊ တာဝန်ခံမည့် အစိုးရတစ်ရပ်သည် ရှေ့အစိုးရအဖွဲ့တို့၏ အားနည်းချက်များကိုပြုပြင်ရင်း၊ အားသာချက်များကိုအခြေခံကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည် မဟုတ်ပါလား။ သို့တိုင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများစွာ ဖန်တီး၍ နိုင်ငံတော်အာဏာကိုအတင်းရယူရန် ကြိုးပမ်းသူများကြောင့် ဒီမိုကရေစီလမ်းကြောင်း တုံ့ဆိုင်းခဲ့ရပြီ။ ရိုးသားမှုမရှိသည့် ရွေးကောက်ပွဲ၊ ရွှေရည်စိမ် ဒီမိုကရေစီ၊ တစ်ပါတီကောင်းစားရေးဟူ၍ သမိုင်းအမည်းစက်ထင်ခဲ့ပြီ**

စာမျက်နှာ ၈ မှ

အားသာချက်များကို အခြေခံကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည် မဟုတ်ပါလား။ သို့တိုင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများစွာ ဖန်တီး၍ နိုင်ငံတော်အာဏာကို အတင်းရယူရန် ကြိုးပမ်းသူများကြောင့် ဒီမိုကရေစီလမ်းကြောင်း တုံ့ဆိုင်းခဲ့ရပြီ။ ရိုးသားမှုမရှိသည့် ရွေးကောက်ပွဲ၊ ရွေရည်စိမ်ဒီမိုကရေစီ၊ တစ်ပါတီကောင်းစားရေးဟူ၍ သမိုင်းအမည်းစက်ထင်ခဲ့ပြီ။ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်က ထိန်းသိမ်းပေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ဦးတည်ချက်၊ ရည်မှန်းချက်များဖြင့် တာဝန်လွှဲပြောင်းရယူထားခဲ့ရသည်မှာ ရာသီစက်ဝန်း တစ်ပတ်လည်ခဲ့ပြီ။

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ဖွယ်ရာများ ပြီးစီးသွားချိန်တွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားမည်။ ထိုအခါ ပါဝင်သင့်၊ ပါဝင်ထိုက်သူများ အားလုံးပါဝင်လာနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ လူတိုင်းမဲပေးနိုင်ရန် နိုင်ငံသားကတ်ပြားများ ထုတ်ပေးခြင်းစသည်တို့ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးစီးဆောင်ရွက်နေကြသည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး စသည့်ကဏ္ဍအသီးသီးတွင်လည်း မြင့်မားတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ဒီမိုကရေစီအရေခြုံအကြမ်းဖက်သမား၊ နိုင်ငံ့သစ္စာဖောက်များနှင့် အဖျက်သမားများ၏ ရန်ကိုလည်း တားဆီးပေးလျက်ရှိသည်။ ယင်းသည်ပင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အဆင့်များဖြစ်သည်။

### ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု

စင်စစ် ဒီမိုကရေစီစနစ်သည် လူတစ်ဦး၏ နှုတ်ထွက်စကားနှင့် စိတ်ကူးပေါက်ရာကို အကောင်အထည်ဖော်ရသည့် နိုင်ငံရေးစနစ်မျိုးမဟုတ်သကဲ့သို့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွင် အဆင့်လိုက်၊ အဆင့်လိုက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှသာ ပြည်သူများ လိုလားတောင့်တသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးလာနိုင်မည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု စနစ်တကျပေါ်ထွက်လာမည်ဖြစ်ပါသည်။



ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် NUG/PDF အဖွဲ့များက နိုင်ငံတော်၏ ပညာရေးအဆောက်အအုံများကို ယုတ်မာသောအကြံအစည်များဖြင့် ဖျက်ဆီးရာ မြင်းခြံမြို့နယ် အထက(၄)ကျောင်း အဆောက်အအုံတစ်လုံးအား မီးကွင်းပစ်ခတ်မှုကြောင့် မီးလောင်ဆုံးရှုံးပျက်စီးမှု။

**“ဒီမိုကရေစီဟု တွင်တွင်သုံးစွဲနေသူတို့သည် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်နေသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံ၍မဖြစ်။ အယူအဆမတူ၊ ရပ်တည်ချက်မတူတိုင်း ဒီမိုကရေစီမဟုတ်ဘူးဟူ၍ မျက်စိမှိတ်ခံငြင်းနေ၍မရ။ ဒီမိုကရေစီ (Democracy) ဟူသော ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် Discipline(စည်းကမ်းရှိမှု)၊ Equality (တန်းတူညီမျှရှိမှု)၊ Morality (ကိုယ်ကျင့်တရားကောင်းမွန်မှု)၊ Organization (အတူတကွပေါင်းစည်းမှု)၊ Citizen (နိုင်ငံကြီးသားပီသမှု)၊ Religion (ဘာသာတရားအပေါ်လေးစားမှု)၊ Ability (စွမ်းရည်ရှိမှု)၊ Chief (ဦးဆောင်ဦးရွက်ပြုမှု )နှင့် Youth (တက်ကြွဖျတ်လတ်မှု) ဟူ၍ တင်စားခိုင်းနှိုင်းကြသည်။ ထိုဝေါဟာရများ၊ အဓိပ္ပာယ်များသည် ဒီမိုကရေစီအစိုးရကိုသာ ကိုယ်စားပြုသည်မဟုတ်၊ ဒီမိုကရေစီ နိုင်ငံသားတို့ကိုလည်း ကိုယ်စားပြုသည်။ နိုင်ငံသားတို့ကပူးပေါင်းပေးမှသာ မိမိတို့နှင့် ထိုက်တန်သည့် ဒီမိုကရေစီကို အမှန်ပိုင်ဆိုင်မည်ဖြစ်ပါသည်”**

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခရီးသည် လွယ်ကူချောမွေ့သည့် ခရီးစဉ်တော့ မဟုတ်ပါ။ ပြည်သူတင်မြှောက်သည့် အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်ရေးကို တည်ဆောက်ရမည်၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေစိုးမိုးမှုစသည်တို့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုသည်လည်း စည်းလုံးညီညွတ်မှု၊ စည်းကမ်းပြည့်ဝမှုနှင့် တရားဥပဒေစိုးမိုးစေဖို့ ကူညီထမ်းရွက်ကြဖို့လိုအပ်ပါသည်။ ဒီမိုကရေစီသည် အလိုအလျောက်ရရှိလာမည့် အခွင့်အရေးမဟုတ်။ ပြည်သူများက တက်ကြွစွာဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များအပေါ် နှလုံးသားအပြင် ဦးနှောက်အသိတရားနှင့်ပါ ဆောင်ရွက်သင့်ပါသည်။



အယူအဆမတူ၊ ရပ်တည်ချက်မတူတိုင်း ဒီမိုကရေစီမဟုတ်ဟု သတ်မှတ်နေကြသည့် အကြမ်းဖက်သမားများက ပြည်သူများ၏ လူမှုဆက်သွယ်ရေး၌ အရေးပါသည့် ဆက်သွယ်ရေးတာဝါတိုင်များကိုပင် အလွတ်မပေး ဖျက်ဆီးမှုများဆောင်ရွက်ရာ ကနီမြို့နယ်တွင် မီးရှို့ဖျက်ဆီးခံရသည့် ဆက်သွယ်ရေးတာဝါတိုင်။

### ထိုက်တန်သည့်ဒီမိုကရေစီ

ဒီမိုကရေစီဟု တွင်တွင်သုံးစွဲနေသူတို့သည် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်နေသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံ၍မဖြစ်။ အယူအဆမတူ၊ ရပ်တည်ချက်မတူတိုင်း ဒီမိုကရေစီမဟုတ်ဘူးဟူ၍ မျက်စိမှိတ်ခံငြင်းနေ၍မရ။ ဒီမိုကရေစီ (Democracy) ဟူသော ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် Discipline(စည်းကမ်းရှိမှု)၊ Equality (တန်းတူညီမျှရှိမှု)၊ Morality(ကိုယ်ကျင့်တရားကောင်းမွန်မှု)၊ Organization(အတူတကွပေါင်းစည်းမှု)၊ Citizen(နိုင်ငံကြီးသားပီသမှု)၊ Religion (ဘာသာတရားအပေါ်လေးစားမှု)၊ Ability (စွမ်းရည်ရှိမှု)၊ Chief (ဦးဆောင်ဦးရွက်ပြုမှု )နှင့် Youth (တက်ကြွဖျတ်လတ်မှု) ဟူ၍ တင်စားခိုင်းနှိုင်းကြသည်။ ထိုဝေါဟာရများ၊ အဓိပ္ပာယ်များသည် ဒီမိုကရေစီအစိုးရကိုသာ ကိုယ်စားပြုသည် မဟုတ်၊ ဒီမိုကရေစီနိုင်ငံသားတို့ကိုလည်း ကိုယ်စားပြုသည်။ နိုင်ငံသားတို့ကပူးပေါင်းပေးမှသာ မိမိတို့နှင့်ထိုက်တန်သည့် ဒီမိုကရေစီကို အမှန်ပိုင်ဆိုင်မည်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး မျှော်လင့်တောင့်တနေသည်ကား စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးပင်ဖြစ်ပါသည်။ အချို့သောသူများကဲ့သို့ ဒီမိုကရေစီရရှိရေး ဒီမိုကရေစီရရှိရေးဟု အော်ဟစ်ကြွေးကြော်နေခြင်း၊ ကန့်လန့်တိုက်ဆန္ဒပြ၊ ချုံခိုတိုက်ခိုက်နေခြင်းတို့ဖြင့် အချိန်မကုန်ဆုံးစေလိုပါ။ ဒီမိုကရေစီ၏ အနှစ်သာရ၊ အမှန်တရားကို သိမြင်နားလည်၍ မိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံးဖြစ်မည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲခြင်းအဆင့်တိုင်းကို ပြည်သူတိုင်းက စည်းကမ်းတကျ၊ စည်းစည်းလုံးလုံး ဖော်ဆောင်ရင်း ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပိုင်ဆိုင်ကြရမည့် အချိန်သာ ဖြစ်ပါကြောင်း။ ။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုမျှော်လင့်ချက်နှင့် အပြန်အလှန်အကျိုး

**ဇင်ငြိမ်း**

**❊ ပြည်ထောင်စုအတွင်း မတူကွဲပြားမှုများဖြင့် စုစည်းနေထိုင်ကြရာတွင် သဘောထားမတူညီမှု၊ အမြင်မတူညီမှု၊ မတိုက်ဆိုင်မှုများ ရှိတတ်ကြသည်မှာ သဘာဝဖြစ်စဉ်တစ်ရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့သော အိန္ဒိယနိုင်ငံတွင်လည်း ယင်းသို့သော မတူကွဲပြားမှု အခြေအနေများမှ ရုန်းကန်တည်ဆောက်ခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ မတူကွဲပြားမှုများဖြင့် လက်တွဲပေါင်းစည်းနိုင်သည့် ရည်မှန်းချက်၊ စိတ်သဘောထား၊ နည်းလမ်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအဖြစ် အတုယူဖွယ်ဖြစ်ပါသည်**

### စိန်ရတုပြည်ထောင်စုနေ့

မိမိတို့နိုင်ငံ၏ပြည်ထောင်စုနေ့သည်ပင် စိန်ရတုတိုင်လေပြီ။ ပြည်ထောင်စုနေ့ဆိုသည့် ရက်စွဲကာလ အပိုင်းအခြားတစ်ရပ် စိန်ရတုတိုင်ခဲ့သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံဆိုသည့် အမိနိုင်ငံတော်အတွင်း ဤမြေ၊ ဤရေ၊ ဤတိုင်းရင်းသားအပေါင်းဖြင့် စုစည်းနေထိုင်နေကြသည်မှာ ထိုထက်ပင်ပိုပါသည်။

ပထမမြန်မာနိုင်ငံတော်မှ ယနေ့ထက်တိုင် စုစည်းနေထိုင်လာခဲ့ကြပါသည်။ ပြည်ထောင်စုနေ့မှာ ကိုလိုနီခေတ်နှောင်းပိုင်း ၁၉၄၇ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သော်လည်း တိုင်းရင်းသား အပေါင်းစုစည်းနေထိုင်ခဲ့သည်မှာ ထိုထက်ပင် အချိန်ကာလများစွာပိုပါ၏။

သို့သော်လည်း နယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက်ပိုင်း ၁၈၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Kachin Hills Tribes Regulation ၊ ၁၈၉၆ ခုနှစ်တွင် Chin Hills Regulation ၊ ၁၈၈၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Shan States Acts ကို ၁၉၂၂ ခုနှစ်တွင် ပြင်ဆင်၍ Federated Shan States Act နှင့် 1935 Burma Act တို့ဖြင့် မြန်မာနိုင်ငံကို တောင်ပေါ်မြေပြန့် နည်းလမ်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည့် အကျိုးဆက်မှာ လွတ်လပ်ရေး ရယူချိန်တွင် ပြည်ထောင်စုအတွင်း သွေးကွဲမှုများကို ဖြစ်စေခဲ့ပါသည်။ ထိုသို့သော သွေးခွဲအုပ်ချုပ်မှုများကြောင့် လွတ်လပ်ရေးရပြီးနောက် ကိုလိုနီခေတ်လွန် မြန်မာနိုင်ငံအား တစ်စုတစ်စည်းတည်း ပေါင်းစည်းတည်ဆောက်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများအကြား ပင်လုံစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသင်္ကေတ ပြည်ထောင်စုနေ့သည်ပင် စိန်ရတုတိုင်ပြီ ဖြစ်သည်။

### ပြည်ထောင်စုမျှော်မှန်းချက်

လွတ်လပ်ရေး ရပြီးနောက်ပိုင်း အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေး ရည်မှန်းချက်များတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်ရန်လည်း ပါဝင်ပါသည်။ တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသော မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံ တည်ဆောက်ကြရန်အတွက် ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ကြိုးစားခဲ့ကြပါသည်။

လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ တွက်ပါက နှစ်ပေါင်း ၁၄ နှစ်ကြာ ကြိုးစားအားထုတ်ခဲ့မှု ဖြစ်ပါသည်။ သို့သော်လည်း ပြည်ထောင်စုကြီး တည်ဆောက်ရေး ကြိုးစားရာတွင် ကိုလိုနီလက်အောက်မှ လွတ်မြောက်ခါစ နိုင်ငံ့အခြေအနေ၊ ပြည်ထောင်စုတည်ဆောက်ရေးအပေါ် ထားရှိသော အမျိုးမျိုးသော သဘောထားကွဲလွဲမှုများဖြင့် ပြည်ထောင်စု ရည်မှန်းချက်များရရှိရေး ရုန်းကန်နေကြရဆဲအဖြစ် တွေ့ရပါသည်။

**ပြည်ထောင်စုအတွင်း မတူကွဲပြားမှုများဖြင့် စုစည်းနေထိုင်ကြရာတွင် သဘောထား မတူညီမှု၊ အမြင်မတူညီမှု၊ မတိုက်ဆိုင်မှုများ ရှိတတ်ကြသည်မှာ သဘာဝဖြစ်စဉ်တစ်ရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့သော အိန္ဒိယနိုင်ငံတွင်လည်း ယင်းသို့သော မတူကွဲပြားမှု အခြေအနေများမှ ရုန်းကန်တည်ဆောက်ခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ မတူကွဲပြားမှုများဖြင့် လက်တွဲပေါင်းစည်းနိုင်သည့် ရည်မှန်းချက်၊ စိတ်သဘောထား၊ နည်းလမ်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအဖြစ် အတုယူဖွယ်ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားများအကြား ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်များ အပြည့်အဝ အကောင်အထည်ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုတည်ဆောက်လိုသည့် စိတ်သဘောထား၊ အကောင်အထည်ဖော်ရသည့် နိုင်ငံရေးစနစ်နှင့် အတူလက်တွဲဆောင်ရွက်လိုမှုများဖြင့်သာ ခရီးဆက်ကြခြင်းဖြင့် ပြည်ထောင်စု ရည်မှန်းချက် အောင်မြင်နိုင်မည် ဖြစ်ပါသည်။

### ညီညွတ်ရေးအခြေခံ

ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရေးတွင် အမျိုးသားညီညွတ်ရေးမှာ အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ညီညွတ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၂၃ - ၁ - ၁၉၄၆ ရက်က ကျင်းပသော ဖ-ဆ-ပ-လ ပြည်လုံးကျွတ်ညီလာခံကြီးတွင် အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

"ညီညွတ်ရေးဆိုတာ ဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့ကာ ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသော အကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက် ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာ ရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက် ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ ညီညွတ်ရမလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့ ပြည်သူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့ကာ ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တတိုင်းတပြည်လုံး လူတမျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတမျိုးလုံးရဲ့ အကျိုး။ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်။ တူညီတဲ့အကျိုး။ တူညီတဲ့အလုပ်။ ဒါတွေကိုရအောင် အဲဒီလို တူညီတဲ့အကျိုး။ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ **ပါးစပ်က ပြောနေရုံနဲ့ မပြီးဘူး။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်**" ဟု ဆိုခဲ့ပါသည်။

ယနေ့တွင်လည်း ဖက်ဒရယ်နှင့် ဒီမိုကရေစီတည်ဆောက်ရန်၊ တစ်မျိုးသားလုံး၏အကျိုးရရှိရန် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့် လက်တွေ့ကျသော တူညီသော ရည်ရွယ်ချက်၊ တူညီသော အကျိုး၊ တူညီသော အလုပ်များဖြင့်သာ ညီညွတ်ရေးရရှိနိုင်ပြီး အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

### သဘောထားရပ်တည်ချက်

ထိုသို့ အားလုံးပါဝင်သော ညီညွတ်ရေးဖြင့် ပြည်ထောင်စုတည်ဆောက်ရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတို့ကို မျှတစွာ ရှုမြင်ရပ်တည်ကြရပါမည်။ အတိတ်ဆိုသည်က ပြီးခဲ့ပြီးသော ဖြစ်စဉ်ဖြစ်ရပ်တို့ ဖြစ်သည်။ ပြောင်းလဲ၍ မရနိုင်တော့ချေ။ သို့သော် အတိတ်မှ ပြည်ထောင်စုမျှော်မှန်းချက်သည် ယနေ့ထက်တိုင် ရှင်သန်နေဆဲ၊ အသက်ဝင်နေဆဲ၊ မျှော်မှန်းတည်ဆောက်နေကြဆဲကာလ ဖြစ်ပါသည်။ အားလုံး၏ မျှော်မှန်းချက်ဖြစ်သော ပြည်ထောင်စုတည်ဆောက်ရေးတွင် အတိတ်ကာလက မှန်ခဲ့သည်များလည်း ရှိခဲ့ပါ၏၊ မှားခဲ့သည်များလည်း ရှိခဲ့ပါ၏။ ထို အမှန်/ အမှားတို့အပေါ် အပြုသဘောဖြင့် ဆင်ခြင်သုံးသပ်ရပါမည်။ ယင်းအမှန်၊ အမှားများသည် များစွာတန်ဖိုးရှိသော သင်ခန်းစာများ ဖြစ်ပါသည်။ မျှော်လင့်ချက်များ၊ ဘဝများ၊ မျိုးဆက်များနှင့် ရင်းနှီး၍ရခဲ့သော သင်ခန်းစာများ ဖြစ်ကြပါသည်။ အပြုသဘောရပ်တည်ချက်မှန်ဖြင့် အသုံးချရမည့် သင်ခန်းစာများဟု မြင်မိပါသည်။

သို့ဖြစ်ရာ လက်ရှိလျှောက်လှမ်းနေဆဲ ဖက်ဒရယ်နှင့် ဒီမိုကရေစီပန်းတိုင်သို့ အတူတကွ လျှောက်လှမ်းကြရာတွင် မှန်ကန်သော ရပ်တည်ချက်နှင့် ပြည်ထောင်စုစိတ်သဘောထားများ လိုအပ်မည် ဖြစ်ပါသည်။

### မှန်ကန်သောနည်းလမ်း

မိမိတို့လက်ထက်တွင် ပြည်ထောင်စုစနစ်ဖြစ်သည့် ဖက်ဒရယ်တည်ဆောက်ရေးအတွက် ဖက်ဒရယ်နှင့် ဒီမိုကရေစီပန်းတိုင်ရှိနေပါသည်။ ပြည်ထောင်စုဆိုသည့်၊ ဖက်ဒရယ်ဆိုသည့်သဘောဒ္ဒ ကိစ္စရပ်အချို့တွင် စည်းလုံးညီညွတ်စွာ အတူတကွ လုပ်ဆောင်လိုပြီး အခြားသော ကိစ္စရပ်များတွင် မတူကွဲပြားမှုနှင့် ကိုယ်တိုင်ဆုံးဖြတ် ဆောင်ရွက်ခွင့်ရှိလိုခြင်းကို ညှိနှိုင်းရန် ကြိုးပမ်းခြင်းဟု ဆိုပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ်၏ ရည်မှန်းချက် နှစ်ရပ်တွင် နိုင်ငံအတွင်းရှိ ဒေသဆိုင်ရာ မတူကွဲပြားမှုများကို လိုက်လျောညီထွေရှိစေပြီး နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဖက်ဒရယ်၏ မူရင်းသဘောတွင် တရားမျှတမှုနှင့် ညီညွတ်ခြင်းအပေါ် အခြေခံ၍ မိမိတို့အကျိုးစီးပွားနှင့် အများအကျိုးစီးပွားကို မျှတအောင် စီမံခန့်ခွဲသည့် နိုင်ငံတည်ဆောက်ရေးစနစ်ဟု ဆိုရပါမည်။

သို့သော်လည်း ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် မှန်ကန်သော သဘောထားရပ်တည်ချက် လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် နည်းလမ်းများလည်း လိုအပ်ပါသည်။ ဖက်ဒရယ်စနစ်သည် တင်ပို့၍ မရသကဲ့သို့ တင်သွင်း၍လည်း မရဟု မှတ်သားဖူးပါသည်။ ရေရှည်တည်တံ့သော ပြည်ထောင်စုဖြစ်ရန် မိမိနိုင်ငံအကျိုး၊ တိုင်းရင်းသားများအားလုံးအကျိုးကို ဖြစ်စေသည့် နည်းလမ်းများကို ကျင့်သုံးကြရပါမည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးတွင် ပြည်ထောင်စုစိတ်သဘောထားလိုအပ်သကဲ့သို့ ပြည်ထောင်စု တည်ဆောက်ရေး နည်းလမ်းလည်း မှန်ကန်ရန် လိုအပ်ပါသည်။

**● မိမိတို့လက်ထက်တွင် ပြည်ထောင်စုစနစ်ဖြစ်သည့် ဖက်ဒရယ် တည်ဆောက်ရေးအတွက် ဖက်ဒရယ်နှင့်ဒီမိုကရေစီပန်းတိုင်ရှိနေပါသည်။ ပြည်ထောင်စုဆိုသည့်၊ ဖက်ဒရယ်ဆိုသည့်သဘောဒ္ဒ ကိစ္စရပ်အချို့တွင် စည်းလုံးညီညွတ်စွာ အတူတကွလုပ်ဆောင်လိုပြီး အခြားသော ကိစ္စရပ်များတွင် မတူကွဲပြားမှုနှင့် ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိလိုခြင်းကို ညှိနှိုင်းရန်ကြိုးပမ်းခြင်းဟု ဆိုပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ်၏ ရည်မှန်းချက် နှစ်ရပ်တွင် နိုင်ငံအတွင်းရှိ ဒေသဆိုင်ရာ မတူကွဲပြားမှုများကို လိုက်လျောညီထွေရှိစေပြီး နိုင်ငံ၏စည်းလုံးညီညွတ်မှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်**

ပြည်ထောင်စု တည်ဆောက်ရေး နည်းလမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုစနစ်သည် ဒီမိုကရေစီစနစ်တွင်သာ ထွန်းကားနိုင်သည်ဆိုသည့် သဘောမှာလည်း သတိပြုဖွယ်ဖြစ်ပါသည်။ ဒီမိုကရေစီအားနည်းပါကလည်း ဖက်ဒရယ်စနစ်ကို အထောက်အပံ့မဖြစ်စေသည့်အပြင် ရှိရင်းစွဲပဋိပက္ခများကို ပိုမိုနက်ရှိုင်းစေနိုင်ပါသည်။ ဟန်ချက်ညီသော ကျင့်သုံးမှုဖြစ်ရန် လိုအပ်မည် ဖြစ်သည်။

### သွေးမစွန်းသော စစ်ပွဲ

**နိုင်ငံရေးသည် သွေးထွက်သံယိုမှုနှင့် သေကျေပျက်စီးမှုမရှိသော စစ်ပွဲဖြစ်ပြီး စစ်ပွဲသည် သွေးထွက်သံယိုနှင့် သေကျေပျက်စီးမှုရှိသော နိုင်ငံရေးဖြစ်သည်ဟု မော်စီတုံးက ဆိုခဲ့ပါသည်။**

တိုင်းရင်းသားအားလုံး ပါဝင်သော ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီ စနစ်တည်ဆောက်ရေးသည် နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲရေးဖြစ်ပါသည်။ တစ်ဦးချင်း တစ်ဖွဲ့ချင်းအကျိုး၊ အများအကျိုးကို ငြိမ်းချမ်းသောနိုင်ငံရေး နည်းလမ်းများဖြင့် ဖော်ဆောင်ခြင်းဖြင့်သာ အားလုံး၏ ရည်မှန်းချက်သို့ ရောက်ရှိနိုင်ပါမည်။

**မိသားစုအတွင်း ညီရင်းမောင်နှမ ဆိုသည်မှာ မခေါ်ရင်သာရသည်၊ မတော်ချင်လို့မရဆိုသည့် မြန်မာဆိုစကားကဲ့သို့ သဘာဝတရားကြီးမှပေးထားသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဆိုသည်က သဘောထားမတိုက်ဆိုင်မှုများ၊ အဆင်မပြေမှုများ ရှိတတ်စမြဲဖြစ်သော်လည်း မတော်ချင်၍မရနိုင်ပါ။ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား အဆင်မပြေမှုများနှင့် လိုလားချက်များကို ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းကြမှသာ မိမိတို့ကာလလွန်သည့်တိုင် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းစွာ တည်ရှိနေမည်ဖြစ်ပါသည်။ ပြည်ထောင်စုကြီးအား လူ့ဘဝသက်တမ်းတစ်ခုစာ စဉ်းစားခြင်းထက် လူ့သက်တမ်းပေါင်းများစွာ ခိုင်မြဲတည်တံ့ရေးစဉ်းစားကြရမည်ဖြစ်ပါသည်။**

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဓမ္မပဒလာ **ကာဠီယက္ခိနီ**ဘီလူးမဝတ္ထုမှ ဘီလူးမနှင့် သားသည်မိခင်ကဲ့သို့ ဘဝအဖန်ဖန် သူတစ်ခါ ငါတစ်လှည့် ရန်ကို ရန်ခြင်းတုံ့ပြန်ခြင်းဖြင့် ပြဿနာသည် ပြေလည်မသွားနိုင်ဘဲ သူ့အကျိုးကိုယ့်အကျိုး အပြန်အလှန်ပြုခြင်းဖြင့်သာ ပြည့်စုံချမ်းသာမှုကို ရရှိစေနိုင်သည်မှာ ဆင်ခြင်ဖွယ်ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း သူ့အကျိုး ကိုယ့်အကျိုး စောင့်ရှောက်ခြင်းဖြင့် ပြည့်စုံချမ်းသာသော ပြည်ထောင်စုကြီး မျှော်လင့်ချက်များ ပြည့်ဝစေနိုင်ကြောင်း တိုက်တွန်းရေးသားရပါသည်။ ။

**ကိုးကား**

၁။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။

၂။ Federalism, IDEA

၃။ Min Zin၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်စဉ်နှင့်မျှခြေ ကနဦးအဆိုပြုချက်များ၊ 13 September 13, 2018 https://ispmyanmarpeacedesk.com/article/

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုယာဉ်များနှင့်အတူ ဖျော်ဖြေရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၃

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂုဏ်ပြုယာဉ်များနှင့်အတူ ဖျော်ဖြေရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

**ပြင်ဆင်ဖြည့်စွက်**

အခမ်းအနားတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုအခါ အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အရှိန်အဟုန်ရနေပြီဖြစ်ပါကြောင်း၊ ဂုဏ်ပြုယာဉ်များအား မိမိတိုင်းဒေသကြီး / ပြည်နယ်အလိုက် ခမ်းနားထည်ဝါစွာ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြီးစီးရန် လိုအပ်နေသေးသည်များကို ယခုရက်များအပြီး ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားပြီး ဂုဏ်ပြုအခမ်းအနား၌ ပါဝင်မည့်သူများအားလုံးကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး Booster များ ထိုးနှံပေးလျက်ရှိသည့်အတွက် ဆေးမထိုးရသေးသူများ ဆေးထိုးနှံရေး၊ လေ့ကျင့်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုယာဉ်များနှင့်အတူ ဖျော်ဖြေရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**ဇာတ်တိုက်လေ့ကျင့်**

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာသူများက ဂုဏ်ပြုယာဉ်များ နေရာယူခြင်း၊ ချီတက်မောင်းနှင်ခြင်းနှင့် ယာယီရပ်နားနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဂုဏ်ပြုယာဉ်များနှင့်အတူ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများနှင့် အနုပညာရှင်တို့မှ ဖျော်ဖြေတင်ဆက်မှု၊ ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် ဂုဏ်ပြုညစာစားပွဲတွင် သီဆိုကပြဖျော်ဖြေမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# သတင်းနှင့် သတင်းဆောင်းပါးပြိုင်ပွဲ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ယနေ့ကာလတွင် သတင်းတု သတင်းအမှားများကြောင့် မလိုလားအပ်သောဖြစ်စဉ်များပေါ်ပေါက်လျက်ရှိသဖြင့် အဆိုပါသတင်းတု သတင်းအမှားများကို ချေဖျက်ရန် လိုအပ်သကဲ့သို့ သတင်းအမှန်များကိုသာ ရေးသားဖြန့်ချိသူများကိုလည်း ချီးမြှင့်ဂုဏ်ပြုထိုက်သည်ဟု ယူဆပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်း/သတင်းဆောင်းပါး ဆုပြိုင်ပွဲတစ်ရပ် ကျင်းပကာ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသော သတင်းမီဒီယာသမားများသည် ပုဂ္ဂလိက သတင်းစာ/ဂျာနယ်/စာစောင်များနှင့် အွန်လိုင်းမီဒီယာကဏ္ဍများတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အတွင်း ရေးသားဖော်ပြထားသော သတင်း/သတင်းဆောင်းပါး (သို့မဟုတ်) သတင်းနှင့် ဆောင်းပါး ပူးတွဲပုဒ်ရေ ခုနစ်ပုဒ်ထက်မနည်းကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ Email လိပ်စာ (mmpress-council@gmail.com) သို့လည်းကောင်း၊ စာတိုက်မှတစ်ဆင့် သတင်းမီဒီယာကောင်စီရုံး လိပ်စာ (အမှတ် ၃၉၂-၃၉၆၊ ကုန်သည်လမ်း၊ (၉) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်) သို့ လည်းကောင်း မိမိ၏ ကိုယ်ရေးမှတ်တမ်း/ လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပေးပို့နိုင်ပါကြောင်းနှင့် ချီးမြှင့်မည့်ဆုငွေများမှာ ပထမဆု ငွေကျပ် ၁၂ သိန်း၊ ဒုတိယဆု ငွေကျပ်ကိုးသိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ အထူးဆုတစ်ဆုလျှင် ငွေကျပ် သုံးသိန်းဖြင့် အထူးဆု သုံးဆုတို့ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသည် သတင်းဌာနများအနေနှင့် မဟုတ်ဘဲ သတင်းမီဒီယာသမားများ အနေနှင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးနှင့် ပြည်တွင်းတရားစီရင်မှုကို ပြင်ပမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်သည့် ထင်မြင်ချက်များနှင့် ဝေဖန်ပြောဆိုမှုများကို လက်မခံပါ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူတို့၏ ဆန္ဒအရ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် တရားမျှတသည့် ဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ အနှောင့်အယှက် ဖြစ်စေခဲ့သည့်အတွက် စစ်မှန်သော ဒီမိုကရေစီစနစ်တစ်ရပ် ထွန်းကားပေါ်ထွက်လာစေရန် မိမိတို့အစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန် ချမှတ်ပြီးဖြစ်သည်။ ၁-၂-၂၀၂၁ ရက်ကတည်းက ချမှတ်ခဲ့သည့် ရှေ့လမ်းစဉ် (၅) ရပ်နှင့်အညီ ခိုင်မာသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အဓိကရည်ရွယ်လျက် နိုင်ငံတည်ငြိမ်ရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းစဉ်ကို နိုင်ငံတကာက အားပေးကူညီရန် လိုအပ်သည်။

ရွေးကောက်ပွဲမသမာမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းရန် ငြင်းဆန်ပြီး ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အလုံးစုံပျက်သုဉ်းရေးကို ရွေးချယ်ခဲ့သည့် NLD ၏ လုပ်ဆောင်မှုကြောင့် အကျိုးဆက်အနေဖြင့် ယနေ့ အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ကို သတိပြုသင့်သည်။ မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့ဖြစ်သော CRPH ၊ NUG နှင့် PDF တို့က လူငယ်များကို အကြမ်းဖက်သမားများနှင့် လူသတ်သမားများအဖြစ်သို့ တွန်းပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စေခိုင်းသူများနှင့် လှုံ့ဆော်သူများအား နိုင်ငံအချို့က ကျောထောက်နောက်ခံပြုထားကြောင်း တွေ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ ဆရာ/ဆရာမ၊ ကျန်းမာရေးဝန်ထမ်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းစုစုပေါင်း ၃၁၂ ဦးနှင့် သံဃာတော်များအပါအဝင် အပြစ်မဲ့ပြည်သူ စုစုပေါင်း ၁,၉၈၈ ဦးမှာ အကြမ်းဖက်အုပ်စုများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သမားများက စာသင်ကျောင်းများနှင့် လူနေအိမ်များစသည့် အရပ်ဘက် အဆောက်အဦများကို စစ်ရေးရည်ရွယ်ချက်ဖြင့် အသုံးပြုလျက်ရှိသည်။ ယင်း CRPH ၊ NUG နှင့် PDF တို့၏ လုပ်ရပ်များသည် ဆိုးရွားသော အကြမ်းဖက်လုပ်ရပ်များဖြစ်ပြီး၊ စစ်ရာဇဝတ်မှု မြောက်သောကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းက ဝိုင်းဝန်းရှုတ်ချရန် လိုအပ်သည်။

မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း ကြီးလေးသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ စုစုပေါင်း လူဦးရေ ၄၀,၀၀၀ ကျော်အား လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး အမှု ၄,၀၀၀ ကျော်ကို ရုပ်သိမ်းပေးခဲ့ပြီး ဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကို ၂၀၂၂ ခုနှစ်ကုန်အထိ သက်တမ်းတိုးမြှင့်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ ၇-၁-၂၀၂၂ ရက် မြန်မာနိုင်ငံခရီးစဉ်အတွင်း ပူးတွဲသတင်းထုတ်ပြန်ချက်တွင် အသိပေးထားသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့်အညီ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အပါအဝင် တွေ့ဆုံသင့်သူများနှင့် ပုံမှန်ထိတွေ့ဆွေးနွေးလျက်ရှိပြီး သက်ဆိုင်သူ အဖွဲ့အစည်းအားလုံးကိုလည်း ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးရန် ဖိတ်ခေါ်ထားပြီး ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ (၅)ချက်ကိစ္စကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံ၏ အခြေခံမူများနှင့်အညီ နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားရေးအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံကြီးအချို့၏ ပြည်ပစွက်ဖက်မှုများကြောင့် အကျိုးဖြစ်ထွန်းသည်ကို တွေ့မြင်ခဲလှသည်။ ယင်းအစား သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများအကြား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ရှည်ကြာပြီး ငြိမ်းချမ်းတည်ငြိမ်မှု မရရှိကြောင်း တွေ့ရသည်။ ထိုအချက်ကို သက်သေထူနေသည့် ယခင် သာဓကများစွာလည်းရှိသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ဝတ္တရားများအရ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ပုံဖျက်ထားသော သတင်းထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအပါအဝင် သံတမန်ကျင့်ဝတ်များကို ချိုးဖောက်ရာရောက်သဖြင့် ယင်းထုတ်ပြန်ချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်။**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ စိန်ရတုပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအသောက် ရက်သတ္တပတ်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

**စိန်ရတုပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအသောက် ရက်သတ္တပတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။**



စိန်ရတုပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအသောက် ရက်သတ္တပတ်အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်များတွင် တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ လာရောက်၍ ပညာသင်ယူနေကြသည့် မောင်တို့မယ်တို့အနေဖြင့် တိုင်းပြည်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အနာဂတ်ကာလတွင် ပခုံးပြောင်း တာဝန်ယူကြရမည့်သူများဖြစ်သည့် အားလျော်စွာ ပြည်သူများ အာဟာရပြည့်ဝပြီး ကျန်းမာပျော်ရွှင်စွာ သက်တမ်းစေ့နေနိုင်ရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြု၍ အရည်အသွေးပြည့်ဝသော စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆင်းရဲချမ်းသာကွာဟမှုကို ကျဉ်းမြောင်းစေရေးကိုပါ မျှော်မှန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**လက်ရေတစ်ပြင်တည်း**

အခမ်းအနားသို့ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းရင်းသားရိုးရာအစားအစာများကို လက်ရေတစ်ပြင်တည်း ပျော်ရွှင်စွာ စားသုံးခဲ့ကြသည်။

စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော အဆိုပါအခမ်းအနားအား စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပညာသင်ယူနေကြသည့် ကျောင်းသားကျောင်းသူများ အချင်းချင်းရင်းနှီးခင်မင်မှု ပိုမိုရရှိစေရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာအစားအစာများကို သိရှိလေ့လာနိုင်ကြစေရန်ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့် အညီ ကျင်းပခဲ့ပြီး ကံစမ်းမဲများဖောက်၍ အမှတ်တရ လက်ဆောင်များ ပေးအပ်ခြင်းအပါအဝင် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်နေ့အကြို အမျိုးသား အမျိုးသမီး မိနီမာရသွန်ပြိုင်ပွဲ ပဲခူးမြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်နေ့အကြို အမျိုးသား အမျိုးသမီး မိနီမာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသည်။**

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ်က အမျိုးသားများအား ပဲခူးမြို့အဝင် တိုးဂိတ်မှ လည်းကောင်း၊ အမျိုးသမီးများအား ပဲခူးတက္ကသိုလ်ရှေ့ မြို့ရှောင်လမ်း၊ လမ်းဆုံမှ လည်းကောင်း ရွှေမော်ဓော ဘုရားလမ်း တိုင်းဒေသကြီး အားကစားကွင်းရှေ့ အထိ တာလွှတ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး အတွင်းရေးမှူးတို့က အမျိုးသား အမျိုးသမီး အဆင့် (၁၅) မှ အဆင့် (၂၀) အထိ ရရှိသူများအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် လေးသောင်းစီ၊ အဆင့် (၆) မှ အဆင့် (၁၀) အထိ ရရှိသူများအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ငါးသောင်းစီ၊ ပဉ္စမဆုရရှိသူ တစ်ဦးလျှင် ငွေကျပ် ခုနစ်သောင်းစီနှင့် စတုတ္ထဆုရရှိသူ တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အသက် ၅၀ နှစ်အထက် ပြိုင်ပွဲဝင် အားကစားသမား နှစ်ဦးနှင့် အသက် ၁၂ အောက် အားကစားသမား ၃၄ ဦးတို့အား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ငါးသောင်းစီ၊ ပထမဆုရရှိသူ နှစ်ဦးအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီ၊ ဒုတိယဆုရရှိသူ နှစ်ဦးအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီ၊ တတိယ ဆုရရှိသူ နှစ်ဦးအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်ပြီး ဆိုင်ကယ် နှစ်စီးနှင့် စက်ဘီး ၂၅ စီး



တို့ကို ကံစမ်းမဲဖောက်ပေးသည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်နေ့အကြို အမျိုးသား အမျိုးသမီး မိနီမာရသွန်ပြိုင်ပွဲသို့ အမျိုးသား ၂၆၆ ဦး၊ အမျိုးသမီး ၁၁၈ ဦး စုစုပေါင်း ၃၈၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား ဖျော်ဖြေရေးကဏ္ဍတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အားကစား လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိကြသည်။

ထိုသို့ ရောက်ရှိလာကြသည့် တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့များကို စိန်ရတုပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီတို့မှ



တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိလာစဉ်။

တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အနုပညာဦးစီးဌာနက အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ကြိုဆိုကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များ အလိုက် နေရာချထားရေးကို စီစဉ်ဆောင်ရွက်ပေးကြသည်။

စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားအဖွဲ့များမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၃၉ ဦး၊ ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၅ ဦးနှင့် ရှမ်းပြည်နယ်မှ ၃၉ ဦး စုစုပေါင်း ၂၈၅ ဦးတို့ဖြစ်ပြီး ယနေ့တွင် ခေတ္တတည်းခိုမည့် အားကစား လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနက တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့ဝင်များ အနားယူနေချိန်အတွင်း သုတ၊ ရသ၊ ကဏ္ဍစုံလင်စွာ ပါဝင်သည့် စာအုပ်၊ စာပေများ ဖတ်ရှုနိုင်သည့် စာကြည့်တိုက်နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို အုပ်ချုပ်မှုအဆောင်၌ ဖွင့်လှစ်ထားသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ကိုယ်စားလှယ်အဖွဲ့ဝင်များ ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးခန်းနှင့် တိုင်းရင်းဆေးခန်းတို့ ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကြီးထိန်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပြင်ဦးလွင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ လွိုင်လင်မြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ ပင်လောင်းမြို့နှင့် တွန်းဇံမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၂၀ လက်မ ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံ့စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေများ ခိုင်မာအားကောင်းရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၃

**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် (၁/၂၀၂၂) ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံ့စီးပွားရေး ခိုင်မာတောင့်တင်းစေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေများ ခိုင်မာအားကောင်းရန်လိုအပ်ပါကြောင်း၊ ဥပဒေကို စတင်ရေးဆွဲခဲ့သည့် အချိန်နှင့် လက်ရှိအချိန်တို့အကြား ပကတိအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ယခုအခါ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယှဉ်ပြိုင်မှုဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယှဉ်ပြိုင်မှု အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယှဉ်ပြိုင်မှုဥပဒေများအကြား မတူကွဲပြားမှုများ၊ တူညီမှုအခြေအနေများကို လေ့လာကြည့်ရှုပြီး မိမိတို့ကော်မရှင်အနေဖြင့် ကြုံတွေ့ခဲ့သော အတွေ့အကြုံများမှတစ်ဆင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်း အစီအစဉ်များကိုလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ယခင် (၁/၂၀၂၁) ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၁ ခုနှစ်အတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု၊ အာဆီယံဒေသတွင်းနိုင်ငံများရှိ ယှဉ်ပြိုင်မှု အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊



ကော်မရှင်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ကော်မရှင်ရုံး တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူသားချင်းစာနာမှု ကူညီထောက်ပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ကော်မတီအနေဖြင့် လူသားချင်းစာနာမှုကူညီထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရခိုင်ပြည်နယ် မြို့နယ် ရှစ်မြို့နယ်သို့ ရောက်ရှိခဲ့ပြီး ပြန်လည်လက်ခံရေးစခန်းများနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်မည့် နေရာများ၊ IDP စခန်းများသို့ သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်တွေ့ရှိချက်များအပေါ်တွင် လုပ်ငန်းကော်မတီအလိုက် ဝန်ကြီးဌာနအလိုက် လုပ်ဆောင်ရမည့်အချက်များကိုလည်း ညှိနှိုင်းပေါင်းစပ်ကော်မတီက ဖြန့်ဝေပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း။

တိုက်ပွဲရှောင် စခန်းများတွင် နေထိုင်သူများ၊ ၎င်းတို့၏ မူရင်းနေရပ်သို့ မိုးမကျမီ ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ရာတွင် စာရင်းကျန်ရှိမှုများ မဖြစ်ရန် သေချာစွာစိစစ်ထောက်ပံ့ပေးရေးတို့အတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အစိုးရ အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ-အိန္ဒိယ MoU အရ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တတိယနှစ်အတွက် အဆိုပြုလုပ်ငန်း စီမံကိန်းများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့က စီမံကိန်းအဆိုပြုလွှာများ ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရက စီမံကိန်းအဆိုပြုလွှာများ ပေးပို့လာပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် အိန္ဒိယသံရုံးသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဝင်များ အနေဖြင့် လုပ်ငန်းကော်မတီ၏ အဓိကတာဝန်ဖြစ်သည့် လူသားချင်း စာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွက် ယခင်ကတည်းက ရေးဆွဲထားသော Rakhine Action Plan ကို ပြန်လည်လေ့လာပြီး မိမိတို့နှင့် သက်ဆိုင်သည့် စီမံကိန်း၊ စီမံချက်များကို Plan တွင်ပါဝင်သည့် အချက်များအပေါ် အခြေခံ၍ ဌာနအလိုက် လုပ်ငန်းအတွေ့အကြုံအလိုက် ပိုမိုကောင်းမွန်သော စီမံချက်များ ဖြည့်စွက်အကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း က ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စခန်းများ ဖွင့်လှစ်ကာ လုပ်ငန်းအလိုက် စနစ်တကျ စုဖွဲ့ဆောင်ရွက်နေမှု၊ ဒေသတွင်းနေရပ်စွန့်ခွာနေရသူများကို ဦးစားပေးအလိုက် နေရာချထားမှုများ ဆောင်ရွက်ပေးနေမှု၊ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားပြီး ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအပေါ် မူတည်ကာ လိုအပ်သော စိစစ်မှုများ ဆောင်ရွက်ပြီးမှသာ ပြန်လည်လက်ခံရေးအတွက် တင်ပြဆောင်ရွက်သွားရန် စီစဉ်ထားရှိမှု၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ ပေးပို့လာသော ပြန်လည်ဝင်ရောက်လိုသူ စာရင်းများအနက် ကနဦးစမ်းသပ် အစီအစဉ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို ဆွေးနွေးပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက်အစည်းအဝေး တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီနှင့် ပတ်သက်၍ ရေးဆွဲထားသည့် စီမံချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၂ ခုနှစ် မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး




ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၂ ခုနှစ် မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ လယ်ဝေးခရိုင်ဘဏ်ခွဲမှ တောင်သူဦးကြီးများကို ၂၀၂၂ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာ ဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ထုတ်ချေးရာတွင် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ဇလီငှက်ကြီးတောင် အုပ်စုတို့မှ တောင်သူ ကိုးဦးတို့အား ချက်ကြံ ၇၅ ကေအတွက် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးလျက်ရှိသည်။

လက်ရှိတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲ လေးဘဏ်မှ ၂၀၂၂ ခုနှစ် မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာငါးအုပ်စု၊ တောင်သူ ၂၆ ဦး၊ စပါး ၃၉ ကေနှင့် ချက်ကြံ ၉၁ ကေ အတွက် စုစုပေါင်းစိုက်ဧက ၁၃၀ အတွက် ချေးငွေကျပ် ၁၄ ဒသမ ၉၆ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ပေကျင်းတွင် တွေ့ဆုံမည့် ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ ယူကရိန်းအရေး ထည့်သွင်းဆွေးနွေးဖွယ်ရှိ



တရုတ်သမ္မတ



ရုရှားသမ္မတ

**မော်စကို ဖေဖော်ဝါရီ ၃**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် သောကြာနေ့တွင် ဖွင့်လှစ်မည့် တရုတ်ပေကျင်း ဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ တက်ရောက်ရန် စီစဉ်ထားသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် မျှော်လင့်ထားပြီး ယူကရိန်းအရေး တင်းမာမှုများ မြင့်တက်လာသည့် အပေါ် အမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသည် ၂၀၁၉ နိုဝင်ဘာ မှစတင်ကာ နှစ်နိုင်ငံခေါင်းဆောင် သမ္မတနှစ်ဦးကြား ပထမဆုံး လူချင်းတွေ့ဆုံမည့် အစည်းအဝေးဖြစ်လိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးက သတင်းထုတ်ပြန်သည်။

သိသာထင်ရှားသည့် အချိန်များကို အမြင်ချင်းဖလှယ်ရင်း ကုန်ဆုံးမည်ဖြစ်ကြောင်းနှင့် အဆိုပါ တွေ့ဆုံမှုတွင် ရုရှားသည် အမေရိကန်ပြည်ထောင်စုနှင့် နေတိုးအဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း ထည့်သွင်းဆွေးနွေးသွားဖွယ်ရှိကြောင်း ကရင်မလင်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ပြီးခဲ့သော သောကြာနေ့က သတင်းထောက်များကို ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ ၃ ရက်က တရုတ်နိုင်ငံပိုင် သတင်းမီဒီယာသည် ပူတင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ပူတင်က နိုင်ငံတကာအသိုင်းအဝိုင်းတွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ပူတင်က ကုလသမဂ္ဂနှင့် တခြားအဖွဲ့အစည်းများတွင် နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းလုပ်ဆောင်သွားရန်လည်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲများ ကြည့်ရှုမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့် ၂၀၂၂ ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးရန် စီစဉ်ထားကြောင်း အိမ်ဖြူတော်ပြန်ကြားရေးတာဝန်ခံ ဂျန်ဆာကီက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။

"ဟုတ်တယ်။ ငါတို့အားလုံး ကြည့်မယ်"ဟု ဆာကီက နေ့စဉ် အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ "အဲဒီအားကစားပွဲကို ငါတို့စောင့်မျှော်နေတာ၊ ပြိုင်ပွဲဝင်မယ့် အမေရိကန် အားကစားသမားတွေကို ငါတို့ အားပေးရမယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပေကျင်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို သောကြာနေ့တွင် ကျင်းပမည်ဖြစ်သည်။ အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲတွင် အမေရိကန် အားကစားသမား ၂၂၄ ဦး ပါဝင်သည်။ အိုလံပစ် အားကစား ပြိုင်ပွဲများသည် အကောင်းဆုံး လူသားဆန်မှုနှင့် အကောင်းဆုံး အားကစားပြိုင်ပွဲကို ပြသသည့်ပွဲဖြစ်သည်။

ထို့အတူ ၂၀၂၂ ပေကျင်း ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲသည်လည်း အိုလံပစ်အားကစားပြိုင်ပွဲများကဲ့သို့ပင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ အတူတူပင်ဖြစ်ကြောင်း၊ ကွဲပြားခြားနားမှု ရှိလိမ့်မည်မဟုတ်ကြောင်း အမေရိကန် အိုလံပစ်နှင့် မသန်စွမ်းကော်မတီ အမှုဆောင်ချုပ် ဆာရာဟာရှယ်လန်က ပြီးခဲ့သည့်လက ပြောခဲ့သည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။



# အီရတ်နှင့် ဆီးရီးယားရှိ ကာ့ဒ်စစ်သွေးကြွများအား တူရကီက လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**အန်ကာရာ ဖေဖော်ဝါရီ ၃**

တူရကီသည် အိမ်နီးချင်းအီရတ်နှင့် ဆီးရီးယားရှိ ကာ့ဒ်စစ်သွေးကြွအုပ်စုများကို လေကြောင်းတိုက်ခိုက်မှု အကြီးအကျယ် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

လေကြောင်းတိုက်ခိုက်မှုသည် ဆီးရီးယား အရှေ့မြောက်ပိုင်းနှင့် အီရတ်မြောက်ပိုင်းရှိ ပစ်မှတ် ၈၀ ခန့်ကို ထိမှန်ခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားလိုက်သည်။ အဆိုပါထိမှန်ခဲ့သော ပစ်မှတ်များတွင် လက်နက်ရုံများနှင့် စခန်းများ ပါဝင်ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုတွင် ရှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် ၁၇ ဦး သေဆုံးခဲ့ကြောင်း အီရတ်မီဒီယာများက ဖော်ပြခဲ့သည်။

ဆီးရီးယား အရှေ့မြောက်ပိုင်းတွင် အဆောက်အအုံများ အကြီးအကျယ်ပျက်စီးနေသည်ကို ဗီဒီယိုဖိုင်ထဲတွင် တွေ့မြင်နိုင်သည်။ တူရကီသည် အီရတ်ရှိ ကာ့ဒ်အလုပ်သမားပါတီ သို့မဟုတ် ပီကေကေနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ သို့မဟုတ် ဝိုင်ပီဂျီခေါ် ဆီးရီးယားကာဒ့်တပ်ဖွဲ့ကို နှစ်ပေါင်းအတော်ကြာ တိုက်ခိုက်လျက်ရှိသည်။

ဒီဇင်ဘာ တိုက်ခိုက်မှုတွင် တူရကီတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီးနောက် တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုများ ယူကရိန်းအရေးကို အာရုံစိုက်လျက်ရှိချိန်တွင် ယခုလို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ လူဦးရေ ၁၈၁ ဒသမ ၇ သန်းကျော်ရှိလာ

**ဟနွိုင်း ဖေဖော်ဝါရီ ၃**

ဗီယက်နမ်နိုင်ငံ၌ ဖေဖော်ဝါရီ ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၆၀၁ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၂၆ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၈၅၇၅ ဦးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၃၀၄၀၉၅ ဦးအထိ ရှိလာပြီး ၃၈၀၆၃ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သည် ဖေဖော်ဝါရီ ၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၃၈ ဦးဖြင့် ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှု အများဆုံးဖြစ်ကာ သန်ဟွားပြည်နယ် အလယ်ပိုင်းမှ ၄၆၃ ဦးနှင့် ကွမ်နန်ပြည်နယ်မှ ၉၅၃ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၂၀၉၃၉၄၇ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ လူဦးရေပေါင်းမှာလည်း ၁၈၁ ဒသမ ၇ သန်း ကျော်လွန်လာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ လှိုင်းဂယက်လေးခုရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများ ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၃**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းမှ ကာကွယ်ရန် မလေးရှားနိုင်ငံတွင် အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးနေပြီဖြစ်သည်။

ပြီးခဲ့သော ခြောက်လက အဆိုပါအသက်အရွယ်အုပ်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၇၂၈၂ ဦး ရှိခဲ့ပြီး ၂၆ ဦး သေဆုံးခဲ့ပြီးနောက် အဆိုပါ အသက်အရွယ်အုပ်စုအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ခါရီဂျာမာလူဒင်က ပြောကြားခဲ့သည်။

ခါရီက အသက် ခုနစ်နှစ်မှ ၁၂ နှစ်ကြား ကျောင်းနေအရွယ်ကလေးငယ် ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးရန် ရည်မှန်းချက်ထား လုပ်ဆောင်နေကြောင်း ပြောသည်။

ကာကွယ်ဆေးထိုး အစီအစဉ်တွင် အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့သော မိဘများကိုလည်း ကျေးဇူးတင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# ဖေဖော်ဝါရီ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

**(၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၄၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃၆၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၄၅,၈၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၅၃၆,၉၀၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၆၆၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ ပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၈၃) ခု | (၁၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၅) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၇၃) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၃၆) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၅၂၆) ခု | (၁၂၄) ဦး |
| **စုစုပေါင်း** | (၂၅,၄၅၂) ခု | (၃၆၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်–၁၉ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ် ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး (၂၈) ဦး ထပ်မံတွေ့ရှိ

**(၃-၂-၂၀၂၂) ရက်နေ့**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် “ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း” များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာပြီး ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၄၆) ခု အား ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇ စစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် (၃–၂–၂၀၂၂) ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၂၈) ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား(၂၈) ဦးမှာ Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁၂) ဦး၊ ယူအေအီးနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၅) ဦး၊ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၅) ဦး၊ တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၄) ဦး၊ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦး တို့ဖြစ်ကြပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့်လေကြောင်းခရီးစဉ်တွင်အတူလိုက်ပါလာသည့်ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့အထိ SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုးစစ်ဆေးတွေ့ရှိသူဦးရေ စုစုပေါင်း (၃၄၈) ဦး ရှိပြီဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်များနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တစ်အူထုံ့ဆင်း စိတ်ရင်းပင်လုံ လွှမ်းခြုံထားနိုင်ပါမှ

ဒေါက်တာမောင်သင်း

❍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့လေး၌ တိုင်းရင်းသားမောင်နှမများ၏ အေးအတူပူအမျှ လွတ်လွတ်လပ်လပ်နေလိုပါသည်၊ ကိုလိုနီလက်အောက်ခံတော့ ဆက်မနေလိုပါဆိုသည့် သွေးဗီဇအခြေပြု ကတိပြုစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ပင်လုံစိတ်ထားဟု ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် ကင်ပွန်းတပ်ခဲ့သည်။ အလွယ်တကူ မဟုတ်ခဲ့ပါ။ နယ်ချဲ့ကိုလိုနီ၏ နည်းမျိုးစုံမှိုင်းတိုက်သည့် သွေးခွဲဝါဒမျိုးစုံကြားက "သွေးချင်းမောင်နှမချစ်ကြည်မှုဗီဇ"ကို အမြော်အမြင် ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ မြင်အောင်ကြည့်နိုင်ခဲ့



ပင်လုံမြို့ရှိ တောင်တန်း-ပြည်မ ပေါင်းစည်းရေး အထိမ်းအမှတ် ကျောက်တိုင်ကို တွေ့ရစဉ်။

ပြည်ထောင်စုနေ့သည် စိန်ရတုပင်တိုင်ခဲ့ပါပြီ။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက သားချင်းမောင်နှမ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကိုလိုနီလက်အောက်ခံဘဝတွင် မနေလိုကြောင်း ကတိသစ္စာပြုပြီး မှတ်တမ်းတင်သည့်နေ့လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ တည်စကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက် မခွဲခဲ့ကြသည့် အစဉ်အလာကောင်း အစဉ်အလာမြတ်ကို "ငါတို့မြန်မာတိုင်းရင်းသား မောင်နှမသားချင်းတွေ ထာဝရထိန်းသိမ်းမည်" ဟု ဆက်လက်နယ်ချဲ့လိုသူတို့ကို ပြဆိုလိုက်ခြင်းပါ။

ဤသည်ကြောင့်ပင် မြန်မာပြည်တစ်လွှားမှ တောင်တန်းနေ တိုင်းရင်းသားများလည်း မကျန်ခဲ့၊ မြေပြန့်နေသွေးချင်းများလည်း ရှေ့က စောမရောက်နှင့်နေပေ။ တောင်ပေါ်မြေပြန့်အတူ ပြုံးပျော်လက်တွဲ၍ လွတ်လပ်ရေးပန်းတိုင်ဆီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပန်းဝင်ခဲ့ကြသည်။ တစ်အူထုံ့ဆင်း သွေးချင်းမောင်နှမဟူသည့် **"သွေးသားရင်းဗီဇအခြေပြုသည့် ပင်လုံစိတ်ဓာတ် အမွန်အမြတ်"**သည် သွေးစည်းမှု၊ ညီညွတ်မှုနှင့်အတူ သားချင်းမောင်နှမ တိုင်းရင်းသားများအကြား ဖွံ့ဖွံ့ဖြိုးဖြိုးဖြင့် ဆက်လက်ရှင်သန်ဆဲပါ။

**ဝါဒမှိုင်းမှုန်ကြားက ပြတ်သားသည့် သွေးသားရင်းချာစိတ်ထား**

ဘာလင်မြို့ကြီးသည် ဒုတိယကမ္ဘာစစ်ပြီးနောက် ကမ္ဘာပေါ်တွင် ထူးခြားသည့်မြို့တစ်မြို့ဖြစ်ခဲ့ပါသည်။ မြို့ကို သုံးမီတာမြင့်ပြီး ၄၃ ကီလိုမီတာရှည်သည့် အုတ်တံတိုင်းဖြင့် နှစ်ခြမ်းပိုင်းပြီး နှစ်နိုင်ငံက ပိုင်တာပါ။ တစ်ချိန်က တစ်မြို့တည်းပါ။ တစ်ခြမ်းက အရှေ့ဂျာမနီပိုင်၍ တစ်ခြမ်းက အနောက်ဂျာမနီပိုင်ပါသည်။ အနောက်ဂျာမနီပိုင်သည့် အခြမ်းကိုလည်း အရှေ့ဂျာမနီပိုင်နယ်မြေများက ပတ်လည်ဝိုင်းထားသဖြင့် သူများနိုင်ငံထဲက ကိုယ့်မြို့ဖြစ်နေသည်။ ၁၉၈၇ ခုနှစ်၌ စာရေးသူ ပညာတော်သင်ဘဝတွင် အနောက်ဂျာမနီပိုင် ဘာလင်မြို့အခြမ်းသို့ စာတမ်းဖတ်ရန်အသွား အရှေ့ဂျာမနီနယ်စပ်၌ အစစ်ဆေးခံပြီးနောက် အဝေးပြေးလမ်းအတိုင်း ဘာလင်မြို့သို့ အရောက်သွားရသည်။ ဘယ်လမ်းသွယ်ကိုမှ ဆင်းခွင့်မရှိပါ။ လမ်းရပ်နားစခန်း၌သာ ရပ်ခွင့်ရှိသည်။

ထူးခြားသည်က အဝေးပြေးလမ်းမကြီးသည် အလွန်ကောင်းသလောက် ဘေးကလမ်းသွယ်များက ပျက်စီးနေတာပါ။ အတူပါလာသည့် ဂျာမန်သူငယ်ချင်းကို အဝေးပြေးလမ်းမကြီးနှင့် လမ်းသွယ်တို့ နှစ်လမ်း ဘာလို့ဒီလောက်ကွာနေတာလဲဟု မေးတော့ အဝေးပြေးလမ်းမကြီးက အနောက်ဂျာမနီက ဖောက်ပေးထား၍ဖြစ်သည်တဲ့။ ဘာလို့ အနောက်ဂျာမနီက ဆောက်ပေးရတာလဲဆိုတော့ "နိုင်ငံရေး" ပေါ့ကွာတဲ့။ ကျွန်တော် ဘဝင်မကျပါ။ ဘာဖြစ်လို့ အရင်းရှင် အနောက်ဂျာမနီနိုင်ငံက အရှေ့ဂျာမနီ ကွန်မြူနစ်နိုင်ငံကို ကူရတာလဲဆိုသည့် မတူသည့် ဝါဒကို အစွဲပြုသည့် ကျွန်တော့်အမြင်ကြောင့် ဘဝင်မကျဖြစ်နေခြင်းပါ။

ဘာလင်မြို့မှပြန်လာတော့ အဆောင်တွင် အခန်းဘေးမှ နိုင်ငံရေးသိပ္ပံ မဟာဘွဲ့တက်နေသည့် သူငယ်ချင်းကို ထိုအကြောင်း မေးမိပါသည်။ သူက "မင်းတို့ဆီမှာ မိဘ၊ ဆွေမျိုးသဘောမကျပေမယ့် သူကြိုက်တဲ့သူနဲ့ အိမ်ထောင်ပြုတဲ့ မောင်နှမ၊ သားချင်း၊ ဦးလေး၊ အဒေါ်တွေရှိကြသလားတဲ့" ဟု ပြန်မေးပါသည်။ ကျွန်တော်က လူပဲရှိတာပေါ့လို့ ပြန်ဖြေပါသည်။ အဲဒီလို ကိုယ်မကြိုက်တဲ့သူနဲ့ ယူသွားလို့ မင်းနဲ့ အမျိုးမတော်တော့ဘူးလားတဲ့။ သူ့အမေးကို ကျွန်တော်က တို့ဆီမှာ **"မခေါ်ချင်လို့ရတယ်၊ အမျိုးမတော်ချင်လို့မရ"** ဆိုတဲ့ ဆိုရိုးစကားရှိသည်ဟုပြောတော့ သူက "တို့ဂျာမန်တွေလည်း အတူတူပါပဲတဲ့။ ကွန်မြူနစ်တို့၊ အရင်းရှင်တို့ဆိုတာက သူကြိုက်ပြီး ကိုယ်မကြိုက်၊ ကိုယ်ကြိုက်ပြီး သူမကြိုက်တဲ့ ဝါဒတွေပါ။ တို့ဂျာမန်တွေ ပိုခံနေရတာက ခေတ်သစ်ကိုလိုနီဝါဒက သူတို့ဩဇာလွှမ်းမိုးချင်တာကြောင့် နိုင်ငံနှစ်ခြမ်းခွဲခံရတာပါ အဆစ်ပါသေးတယ်။ ဒါပေမယ့် အရှေ့ဂျာမနီကွန်မြူနစ်လည်း တို့အမျိုးဂျာမန်၊ အနောက်ဂျာမနီအရင်းရှင်လည်း ဂျာမန်လူမျိုးလေကွာ၊ ဝါဒတွေမတူပေမယ့် တစ်အူထုံ့ဆင်း မောင်ရင်းနှမတွေ၊ သွေးသားအရင်းအချာတွေပါတဲ့။ အရှေ့က တို့အမျိုး၊ တို့သွေး၊ တို့သား ဆင်းရဲတော့လည်း မနေနိုင်ပါ။ ကူရတာပေါ့။ **နိုင်ငံရေးမှာ ဝါဒတွေကျင့်စဉ်တွေထက် သွေးသားရင်းချာ စိတ်ထားအမြင်က ပိုအရေးကြီးပါတယ်။ ပိုနိုင်မြဲပါတယ် သူငယ်ချင်း**"တဲ့။

သူ့အဖြေက ကျွန်တော့်ကို ဝါဒမှိုင်းမှုန်ကြားက သွေးရင်း၊ သားရင်း၊ မောင်ရင်း၊ နှမကို အလေးထားကြည့်နိုင်ရမည်ဆိုသည့် ဝါဒတွေထက် အရေးကြီးတဲ့ နိုင်ငံရေးအမြင်ကို သိမြင်စေခဲ့ပါသည်။

**တစ်အူထုံ့ဆင်း မောင်ရင်းနှမ ပင်လုံစိတ်ထား**

များသောအားဖြင့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည်ကိုသာ အားလုံးသိကြသည်။ ဤသို့ဖြစ်လာရန် ဗိုလ်ချုပ်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ အတူကြိုးပမ်းခဲ့ကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် "ကျွန်တော် အင်္ဂလန်သွားပြီး ပြည်မရော တောင်တန်းဒေသတွေကိုပါ လွတ်လပ်ရေးအတွက် တောင်းဆိုချင်ပါတယ်" ဆိုတာမျိုးအစချီကာ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ကော်သူလေး (ယနေ့ ကယားပြည်နယ်)၊ ကရင်ပြည်နယ် အသီးသီးသို့ သွားရောက်ခဲ့ကာ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် ရင်တွင်းမှထွက်ပေါ်လာသည့်စကားသည် "တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမစိတ်ထား" ကို အခြေခံတာမို့ အောင်မြင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့လေး၌ တိုင်းရင်းသားမောင်နှမများ၏ အေးအတူပူအမျှ လွတ်လွတ်လပ်လပ်နေလိုပါသည်၊ ကိုလိုနီလက်အောက်ခံတော့ ဆက်မနေလိုပါဆိုသည့် သွေးဗီဇအခြေပြု ကတိပြုစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ပင်လုံစိတ်ထားဟု ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် ကင်ပွန်းတပ်ခဲ့သည်။ အလွယ်တကူမဟုတ်ခဲ့ပါ။ နယ်ချဲ့ကိုလိုနီ၏ နည်းမျိုးစုံမှိုင်းတိုက်သည့် သွေးခွဲဝါဒမျိုးစုံကြားက "သွေးချင်းမောင်နှမချစ်ကြည်မှုဗီဇ" ကို အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ မြင်အောင်ကြည့်နိုင်ခဲ့ကြသည်။ ပြီးတော့ စည်းလုံးမှုကို ပြတ်သားစွာ ပြသခဲ့ကြသည်။

တကယ်တော့ ပင်လုံစိတ်ဓာတ်မတိုင်မီကတည်းကလည်း "တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ဓာတ်" ကို မြန်မာတိုင်းရင်းသားများ အောင်မြင်စွာပြသခဲ့ပြီးပါပြီ။ ဖက်ဆစ်တော်လှန်ရေးမှာပါ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။ ဂျပန်၏ ဖက်ဆစ်ဝါဒက အာရှတန်းတူညီမျှရေး ဝါဒမှိုင်းဖြင့် အင်္ဂလိပ်ပြီးနောက် ထပ်မံကျွန်ပြုခဲ့သည်။ အရောင်ပြ၊ ဟန်ပြ၊ ရွှေရည်စိမ်လွတ်လပ်ရေးဆိုသည်ကို သိလိုက်သည့်အခါတွင် နိုင်ငံသားအားလုံး ပေါင်းစည်းညီညာသည့် တော်လှန်ရေးအဖွဲ့၊ တစ်နည်းအားဖြင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် မြန်မာတိုင်းရင်းသားအစုံအလင် လူတန်းစားမျိုးစုံ၊ ပါတီစုံ၊ ကွန်မြူနစ်ဝါဒ၊ အရင်းရှင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ ယုံကြည်သူများ၏ ပါတီအဖွဲ့ဝင်များ ပါဝင်ခဲ့ပေသည်။

သို့သော်အမျိုးသားရေးဝါဒ၊ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းသားများဟူသည့် တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ထားက အားလုံး၏ ရင်ထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲ ကိန်းအောင်းသည့်အတွက် စည်းလုံးခဲ့၊ ညီညွတ်ခဲ့၍ အင်္ဂလိပ်တို့နှင့် ပြန်ပေါင်းကာ ဂျပန်ကို ပြန်လည်မောင်းထုတ်နိုင်ခဲ့သည်။ ရောင်ပြ "အာရှတန်းတူဝါဒ" မှိုင်းကြားက မိမိတို့၏ အမျိုးမှန်၊ အဖိုးတန် အမျိုးသားညီညွတ်ရေးဝါဒကို မြင်အောင်ကြည့်နိုင်ခဲ့သည်။

**သွေးခွဲဝါဒကြားက သွေးသားရင်းချာစိတ်ထား အလင်းတန်း**

အောင်မြင်ခြင်း၏သော့ချက်က ဘယ်ဟာအတု၊ ဘယ်ဟာအစစ် ခွဲခြားနိုင်မှုပညာတည်း။ ယင်းပညာသည် ဓမ္မနှင့် အဓမ္မကို ပိုင်းခြား၏။ ငြိမ်းချမ်းမှု၊ မငြိမ်းချမ်းမှုကိုသိ၏။ အဖျက်မှိုင်းကို ကွဲကွဲခံနိုင်၏။ သို့ပါ၍ တိုင်းရင်းသားများက ဘယ်ဟာ "**အနှစ်**"၊ ဘယ်ဟာ "**အကာ**" ကို ကွဲပြားအောင်ကြည့်နိုင်၏။ သို့သော် ဆက်လက်သွေးခွဲလိုကြသူ ဗြိတိသျှတို့က နည်းမျိုးစုံခွဲကြ၏။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံတွင် အုပ်ချုပ်မည့် "စက္ကူဖြူစီမံကိန်း" အရ "ကချင်ပြည်နယ်သည် မြန်မာနိုင်ငံထဲမပါဝင်ဘဲ တသီးတခြားနေလိုက နေနိုင်ကြောင်း၊ ကချင်အမျိုးသား အဆင့်အတန်းမီအောင်အတွက် မိမိတို့က ထောက်ပံ့ကူညီမည်" စသည်ဖြင့် မြစ်ကြီးနားမြို့တွင် ဘုရင်ခံဆာဒေါမန်စမစ်ကိုယ်တိုင်သွေးခွဲခဲ့သည်။

ထို့အတူ "ကရင်နီနယ် (ယနေ့ ကယားပြည်နယ်) ကို အင်ဒီပင်းဒင့်နယ်မြေဖြစ်သည်၊ ဗမာပြည်အဆင့်အတန်းထက်မြင့်သည်၊ ကိုယ့်ကောင်စီနှင့် ကိုယ်လုပ်နိုင်သည်၊ အင်္ဂလိပ်ထံ ငွေချေး၍ ပြန်လည်ထူထောင်နိုင်သည်" စသည်ဖြင့် တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီး စတီဗင်ဆင်က ခြေထိုး၏။ တချို့နားယောင်၏။ သို့သော် ကရင်နီလူထုကိုယ်စားလှယ်များ တတိယအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်တက်ရောက်လာခြင်းက ဗြိတိသျှတို့၏ ကရင်နီပြည်နယ်တွင် သွေးခွဲဇာတ်လမ်းကျဆုံးမှုဖြင့် အဆုံးသတ်စေခဲ့သည်။

သွေးခွဲမှု၏ အထင်ရှားဆုံးလုပ်ရပ်မှာ အင်္ဂလန်တွင် "တောင်တန်းများပါ ပြည်မနှင့်အတူ လွတ်လပ်ရေးရလိုကြောင်း တောင်းဆို" နေသည့် ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှနန်းရင်းဝန် "အက်တလီ" က ကြေးနန်းစာတစ်စောင် ပေး၍ဖတ်လိုက်ရာ "ဗိုလ်ချုပ်အောင်ဆန်းဟာ ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်၊ တောင်တန်းနယ်ကိစ္စ ဆွေးနွေးရန် ရှမ်းစော်ဘွားများအား သီးခြားဖိတ်ခေါ်ပါ" တဲ့။ သို့သော် နောက်တစ်နေ့ တောင်ကြီး လူထုစည်းဝေးပွဲဆုံးဖြတ်ချက်ကို အင်္ဂလန်ရှိ ဗိုလ်ချုပ်အောင်ဆန်းထံ သံကြိုးစာ ရိုက်လိုက်လေသည်။ ထိုသံကြိုးစာတွင် "တောင်တန်းဒေသများသည် ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးရယူလိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းသားအားလုံးအတွက် ပြောပိုင်ခွင့်ရှိပြီး သူ၏လိုလားချက်၊ အဆိုပြုချက်များကို ထောက်ခံကြောင်း" ဟု ဖော်ပြထားသဖြင့် ဗြိတိသျှနန်းရင်းဝန်အား ပြသသည့်အခါ "တောင်တန်းကိစ္စကို ပင်လုံမြို့၌ ဖေဖော်ဝါရီလတွင် ဆွေးနွေးရန်ဖြစ်ပေါ်လာခဲ့သည်။ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

သွေးခွဲဝါဒမှိုင်းကြားက ကျွန်ဘဝမှာ မပျော်ပိုက်ကြောင်း **“သွေးသားရင်းချာစိတ်ထား အလင်းတန်း”** ကို မြန်မာနိုင်ငံတွင် ကိုလိုနီဝါဒဆက်၍ သက်ဆိုးရှည်ရန် ကြိုးပမ်းနေသူများအား ထင်ထင်ရှားရှား ထိုးပြနိုင်ခဲ့ပါသည်။ ပင်လုံစိတ်ဓာတ်ဟု သမိုင်းတွင်ခဲ့သည်။

**ဝါဒအရိပ်ထက်သာသည့် ဆွေရိပ်၊ မျိုးရိပ်**

အနောက်ဂျာမနီကို ပညာသင်သွားစဉ်တွင် အရှေ့ဂျာမနီက ပင်စင်စား မူလတန်းပြဆရာမကြီး တစ်ဦးနှင့် ၁၉၈၇ ခုနှစ်တွင် ဆုံတွေ့ခဲ့ပုံလေးကို အမှတ်ရမိပါသေးသည်။ အရှေ့နှင့် အနောက်ဂျာမနီ နယ်စပ်က မြို့လေးတစ်မြို့တွင် ခရစ္စမတ်ကာလ သူငယ်ချင်းအိမ်အလည်သွားရင်း ဆုံတွေ့ခဲ့တာပါ။ သူငယ်ချင်းအဖေ၏ အစ်မပါ။ အရှေ့ဂျာမနီမှ ပင်စင်ယူပြီးသည့်သူများ ခရစ္စမတ်ကာလတွင် အနောက်ဂျာမနီမှ ဆွေရင်း၊ မျိုးရင်းများဆီ နှစ်ပတ်လာလည်ခွင့်ရှိပါသည်။ လာလည်ရင်း နေမကောင်းဖြစ်နေလျှင်လည်း ဆက်နေခွင့်ရှိပါသည်။ အရှေ့ဂျာမနီမှ သူငယ်ချင်း၏ အကြီးတော်စပ်သူ အငြိမ်းစား ဆရာမကြီးဆိုလျှင် သူ့မောင်၊ သူ့ယောက်မ၊ တူ၊ တူမများဆီတွင် သုံးရက်နေပြီးလျှင် ဘယ်မြို့က မောင်နှမတစ်ဝမ်းကွဲများဆီ သွားလည်မည်ဆိုပြီး ပြုံးပျော်နေပါသည်။

**“လူ့ဘဝ တိုတိုမှာ ဟိုဝါဒ၊ ဒီဝါဒ အရိပ်တွေထက် ဆွေရိပ်၊ မျိုးရိပ်၊ သွေးသားရင်းချာ အရိပ်အောက်မှာသာ ပျော်ရွှင်ငြိမ်းချမ်းတဲ့ လူ့ဘဝတန်ဖိုးကို ရယူပေးစွမ်းနိုင်ကြောင်း”** ကို ထိုအချိန်က အရှေ့နှင့် အနောက်ဂျာမနီတွင် အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို ဦးဆောင်နေကြသည့် နှစ်နိုင်ငံခေါင်းဆောင်များ သဘောပေါက်လက်ခံထားကြဟန်တူပါသည်။ မွန်မြတ်သည့် “သွေးသားရင်းချာစိတ်ထား” က ပေါက်ဖွားလာသည့် လူ့အခွင့်အရေးရလဒ်ဟု မြင်မိပါသည်။

**သွေးမြေမကျ၊ ကျည်ဆန်ဖောက်ရန် မလိုသည့် သွေးသားရင်းချာစိတ်ထား**

ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံ နှစ်ပိုင်းကွဲသွားသည့် နိုင်ငံသုံးနိုင်ငံရှိခဲ့ပါသည်။ ဂျာမနီ၊ ဗီယက်နမ်နှင့် ကိုရီးယားတို့ပါ။ ပထမဦးဆုံး ပြန်ပေါင်းသည်က တောင်နှင့်မြောက် ဗီယက်နမ်ပါ။ ပြီးနောက် အရှေ့နှင့် အနောက်ဂျာမနီပါ။ ယနေ့ထိ မပေါင်းသေးသည်က တောင်နှင့်မြောက်ကိုရီးယားပါ။ အမေရိကန်ဦးဆောင်သည့် အရင်းရှင်အုပ်စုနှင့် ရုရှားအုပ်စု၏ ကွန်မြူနစ်နိုင်ငံများအဖြစ် ခွဲခြားခံရခြင်းပါ။ ဗီယက်နမ်နှစ်နိုင်ငံ ပြန်ပေါင်းရန်အတွက် နှစ်ဖက်ဆွေမျိုးများ သားချင်းများ တိုက်ကြ၊ ခိုက်ကြ၊ သေကြ၊ သွေးမြေကျခဲ့ရပါသည်။ ဂျာမနီ နှစ်နိုင်ငံ ပြန်ပေါင်းကြသည့်အခါမှာတော့ စစ်ရေးဖြင့် မဖြေရှင်းပါ။ စစ်ရေးက ဘယ်ဘက်ကသေသေ နောက်ဆုံးတွင် သေဆုံးသူက ဂျာမန်ပါပဲ။ သွေးသားရင်းချာပါ။ အရှေ့ဂျာမနီဘက်က ပြန်လည်ပေါင်းစည်းရေးကိုဦးဆောင်ခဲ့သည့်ပညာရှင်များနှင့် နိုင်ငံရေးခေါင်းဆောင်များကို “ဘာဖြစ်လို့ ကွန်မြူနစ်ဝါဒကို စွန့်လွှတ်ပြီး အနောက်ဂျာမနီနဲ့ ပေါင်းရတာလဲ” ဆိုသည့်မေးခွန်းကို “ဆောင်ရွက်တုန်းကတော့ နိုင်ငံနဲ့ ပြည်သူတွေကောင်းစားမယ်ဆိုပြီး လုပ်ခဲ့တာပါ။ ဝါဒကို ဖက်တွယ်တာကြာတော့ အနောက်က အမျိုးတွေက ပိုချမ်းသာ၊ ပိုဖွံ့ဖြိုး၊ နိုင်ငံတကာမှာ ပိုဝင်ဆံ့၊ အရှေ့ဘက်က ပိုဆင်းရဲလာတာ တွေ့ရတော့ ဝါဒကို ဆက်ပြီးဖက်တွယ်မလား၊ ပြည်သူကောင်းစားရေးကို ရှေးရှုမလားဆိုတော့ ပြည်သူ့ဘက်က အားသာသွားတာပါပဲ” ဟုသတည်း။

အနောက်ဂျာမနီကမူ “အမျိုးဟာအမျိုးပဲ၊ အဖြူ အနီဝါဒ၊ ကွန်မြူနစ်ဝါဒမလို၊ ဂျာမန်ဟာ သွေးရင်း သားရင်းမို့ ပေါင်းပါမယ်” ဆို၏။ ဒါပေမယ့် အနောက်အုပ်စုအဖွဲ့က ကွန်မြူနစ်ဝါဒကို စွန့်မှတဲ့၊ ယင်းဖြင့် အရှေ့ဂျာမနီမှ ပြည်နယ်ငါးခုကို ကွန်မြူနစ်ဝါဒ စွန့်လွှတ်ရန်စည်းရုံးရာ အထက်မှာဖြေခဲ့သလို ပြည်သူအတွက်မို့ ဝါဒကို ဖက်တွယ်မထားတော့ပါဆို၏။ လွယ်လွယ်ကူကူတော့မဟုတ်ပါ။ နှစ်နိုင်ငံခေါင်းဆောင်များ၊ အရှေ့အနောက်အုပ်စုနိုင်ငံများနှင့် ညှိနှိုင်းရ၊ ဆွေးနွေးရပါသည်။ အမျိုးများပြန်လည်ပေါင်းဆုံရေးအတွက် ပင်ပန်းရကျိုးနပ်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာတော့ ကျည်မဖောက်၊ သွေးမြေမကျဘဲ နှစ်နိုင်ငံပြန်လည်ပေါင်းဆုံခဲ့ကြသည်။ ဘာလင်တံတိုင်းကြီးလည်း ပြိုပျက်ကာ တစ်မြို့တည်းနေပြီး မမြင်ရ၊ မဆုံရသည့် ဆွေကွဲမျိုးကွဲဘဝဇာတ်ခုံကြီး ပျက်သုဉ်းခဲ့ပါသည်။

**ဝါဒတွေအပေါ်က အမျိုးသားရေးစိတ်ဓာတ်**

ဒုတိယကမ္ဘာစစ်ကို စတင်မီးမွှေးခဲ့သည်က ဂျာမနီပါ။ ဒါနဲ့ “ဂျာမနီဘာလို့စစ်ရှုံးခဲ့တာလဲ” ဆိုတော့ နိုင်ငံရေးသိပ္ပံသင်ယူနေတဲ့ သူငယ်ချင်းက “တစ်ကမ္ဘာလုံးနဲ့ တစ်နိုင်ငံတိုက်တာ ရှုံးတာပေါ့” တဲ့။ မှန်ပါသည်။ အီတလီက မူဆိုလီနီ၏ အကူအညီလည်းမရ၊ အာရှကဂျပန်ကလည်း အာရှမှာ သူ့ဟာသူ တိုက်နေရတာ၊ ဥရောပနှင့် အာဖရိကကို ဂျာမန်တစ်ဦးတည်း တိုက်ခဲ့တာပါ။ ဒါ့အပြင် ပထမကမ္ဘာစစ်မှာလည်း ဂျာမန်တွေပဲ။ ဒါနဲ့ဘာလို့ ဂျာမနီနိုင်ငံ နှစ်ခြမ်းခွဲခဲ့တာလဲဆိုတော့ “အင်အားပြန်ကြီးလာပြီး ဦးမော့လာမှာကြောက်လို့တဲ့။ ဒါကြောင့် ခွဲခဲ့တာ။ တကယ်တော့ နယ်မြေတစ်မြေကို စိုးမိုးချင်ရင် စည်းလုံးမှုအားနည်းသွားအောင် သွေးခွဲတာအရင်လုပ်ကြတယ်။ ဒါ့ကြောင့် သွေးခွဲဝါဒ၊ ခေတ်သစ်သြဇာလွှမ်းမိုးရေးကိုလိုနီဝါဒပေါ့ကွာ”တဲ့။

ဂျာမနီမှာ အမေရိကန်စစ်စခန်းများချထားသလို အရှေ့ဂျာမနီမှာလည်း ဆိုဗီယက်တပ်များ ချထားပြီး နှစ်နိုင်ငံကို ခွဲခဲ့ကြသည်။ “တို့ ဂျာမန်နှစ်နိုင်ငံက မင်းမြင်သလို အရင်းရှင်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ဒဏ်ကိုသာ ခံရတာမဟုတ်ဘူး၊ သွေးခွဲဝါဒနဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒတို့ပါ ခံနေရတာ စုစုပေါင်း လေးဝါဒပေါ့။ အဲဒီ လေးဝါဒလှိုင်းတံပိုးအောက်က တို့ဂျာမန်တွေ လွတ်မြောက်ချင်ရင် ဝါဒတွေထက်မြင့်တဲ့ “အမျိုးသားရေးစိတ်ဓာတ်” (National Spirit) (သို့မဟုတ်) “တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ထား” မဖြစ်မနေရှိရမယ်လို့ ငါတို့ ဂျာမန်တွေ ခံယူထားတယ်။ အရှေ့ဂျာမနီကို တို့အနောက်က အဝေးပြေးလမ်းဖောက်ပြီးကူညီတာ အသေးအဖွဲလေးပါကွာ။ အဲဒါထက်အရေးကြီးတာက ဒီအမျိုးသားရေးစိတ်ဓာတ်ကြောင့် တို့တစ်ချိန်ချိန် ပြန်ပေါင်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ စောင့်ကြည့်ပေါ့ကွာ။ ကြာလိမ့်မယ်မထင်ဘူး” ဟုဆို၏။

ဂျာမန်သူငယ်ချင်းနှင့် ကျွန်တော်တို့ “ဂျာမန်တို့ရဲ့ သွေးရင်းစိတ်ထား”အကြောင်း စကားလက်ဆုံကျသည်က ၁၉၈၇ ခုနှစ် အစောပိုင်းမှာပါ။ ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းသည်က ၁၉၈၉ ခုနှစ် နိုဝင်ဘာလဆိုတော့ သုံးနှစ်မကြာခဲ့ပါ။ “တစ်အူထုံ့ဆင်း မောင်ရင်းနှမ စိတ်ထား” (သို့မဟုတ်) “အမျိုးသားရေးစိတ်ဓာတ်” က အရင်းရှင်၊ ကွန်မြူနစ် ဗိုလ်ကျစိုးမိုးရေးနှင့် သွေးခွဲဝါဒတို့ကို အနိုင်ယူခဲ့သည်။ နှစ်ပေါင်း ၄၅ နှစ်ခန့် အခွဲခံရသည့်ဒဏ်ကို ခံခဲ့ရသည့် တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ထားကြောင့် ဂျာမန်နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်မှာ နှစ်ပေါင်း ၃၂ နှစ် ကျော်ခဲ့ပါပြီ။

**ခေတ်သစ်သွေးခွဲမှိုင်းကြားက သွေးသားမောင်နှမဝါဒ**

တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ထား ရေချိန်အမြင့်ဆုံးအချိန်တွင် စည်းလုံးခဲ့၊ ညီညွတ်ခဲ့ကြသည်။ ထိုနေ့သည် ပြည်ထောင်စုနေ့အဖြစ် သမိုင်းတွင်ခဲ့သည်။ ထိုနေ့သာမရှိခဲ့လျှင် ယနေ့လို မြန်မာတိုင်းရင်းသားတို့၏ လွတ်လပ်ရေးသည် ယခုလို တောင်တန်းမြေပြန့် တိုင်းရင်းသားများ၏ စစ်မှန်သည့်လွတ်လပ်ရေးဖြစ်လာရန် အတော်ခက်ခဲပေလိမ့်မည်။ ထိုအချိန်က သွေးခွဲဝါဒသည်ရှိနေခဲ့၏။ ဗိုလ်ချုပ်တို့ တောင်တန်းအတွက် အရေးဆိုသည်ကို သံကြိုးရိုက်၍ မိမိတို့ ကိုယ်စားလှယ်မဟုတ်ဟု ကန့်ကွက်ခဲ့သည်။ ရှမ်းပြည်ကို နှစ် ၃၀ လောက် လွတ်လပ်ရေး မပေးရန်၊ ချန်ထားရန်ကြံစည်မှုကို ဖော်ထုတ်ခဲ့သည်။ ထို့အတူ ကချင်နှင့် ကယားနယ်ကိုထားခဲ့ရန် ကြိုးစားခဲ့၏။ ယနေ့မှာလည်း အတူတူပင်ဖြစ်သည်။ ပြည်ထောင်စုကိုထပ်ခွဲရန် ဒီမိုကရေစီကို အရေခြုံကာ မှိုင်းတိုက်၏။ မှိုင်းထူအောင် “လူ့အခွင့်အရေး” ဆိုတာကပါ မျက်နှာဖုံးတပ်မီးရှို့၏။ တိုင်းရင်းသားခေါင်းဆောင်ပိုင်းသာမက လူထုအတွင်းပါ “အမျိုးသားရေးဝါဒ” ဆိတ်သုဉ်းအောင်ပြု၏။

တကယ်တော့ မြန်မာတိုင်းရင်းသားများ၏ လက်ထဲက **“စစ်မှန်သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့သည် အချင်းချင်းသွေးကွဲအောင်မပြု။ ငြိမ်းချမ်းမှု၊ သာယာမှုကိုသာပေးစွမ်း၏။ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကိုစွမ်းဆောင်၏။”** နယ်ချဲ့ဝါဒီများ၏ အတုအယောင် ဒီမိုကရေစီသည်ကားသည်းခြေကြိုက်အဖြစ်သာ အသုံးချကာ သွေးခွဲ၏။ ငြိမ်းချမ်းမှုပျက်စီးအောင် စွမ်းဆောင်၏။ ယနေ့ အာရပ်နိုင်ငံများက သက်သေထူနေ၏။ မြန်မာတိုင်းရင်းသားများ ကြီးစွာသော သွေးသားရင်းချာ သတိရှိရပါမည်။

စစ်ပြီးခေတ်မှ သွေးခွဲဝါဒသည် ရပ်မနေခဲ့။ ယနေ့တိုင်နည်းမျိုးစုံဖြင့် မှိုင်းတိုက်နေဆဲပါ။ ထိုခေတ်သစ် သွေးခွဲဝါဒမှိုင်းများကြောင့် ယနေ့ အခြေအနေတွင် တိုင်းရင်းသားများကြားသာမက အင်စတီကျူးရှင်းများ၊ ပါတီများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုဝင်များ၊ ဆရာတပည့်ကြားနှင့် ထောင်စုနှစ်ချီ ကျစ်လျစ်ခိုင်မာခဲ့သည့် သံဃာများအကြား ဆက်ဆံရေးတို့တွင် စိတ်ဝမ်းကွဲမှု ပြင်းထန်ခဲ့သည်။



**တောင်တန်း-ပြည်မ ပေါင်းစည်းညီညွတ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံခရီးစဉ်။ (ရှေ့တန်းဝဲမှ ဒုတိယ သာမိုင်းခမ်းစော်ဘွားစဝ်ထွန်းအေး၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည်၊ ညာစွန်း သာမိုင်းခမ်းမဟာဒေဝီ၊ နောက်တန်းဝဲမှ တတိယ ပင်းတယစော်ဘွား စဝ်ဝင်းကြည်)**

သွေးခွဲသူ ကိုလိုနီလက်သစ်များနောက်ကို လိုက်ပြီး သာယာနေမိလျှင် ကျွန်တော်တို့ တိုင်းရင်းသားမိသားစုဝင်များ ဆက်ပြီးစိတ်ဝမ်းကွဲကြမည်။ သွေးမြေကျပါလိမ့်မည်။ သွေးခွဲဝါဒီများ၏ အရောင်ပြ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မှိုင်းဆိပ်သင့်ကြပေလိမ့်မည်။ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးမှု၊ ညီညွတ်မှုကို အခြေပြုသည့် “မြန်မာ့တိုင်းရင်းသားသွေးချင်းစိတ်ထား” ထက် “ဒီမိုကရေစီအရေး”၊ “လူ့အခွင့်အရေး”၊ “တန်းတူရေး” တို့က မြန်မာ့လူ့အဖွဲ့အစည်းတွင် ပို၍အရေးပါနေသယောင် သွေးခွဲသူများက ဖန်တီးကြပေလိမ့်မည်။ “သွေးသားရင်းချာသတိ” ဖြင့် သွေးခွဲမှုကို မြင်အောင်ကြည့်နိုင်ရပါမည်။ ပြီးတော့ ရှောင်ရှားနိုင်သည့်သတ္တိ ရှိရပါမည်။

ဂျာမန်တွေ အင်အားချည့်နဲ့စဉ်က အခွဲခံ၊ အပိုင်းခံရသည့် နှစ်နိုင်ငံကို ဝါဒမှိုင်းဆိပ်များ၏ ထိပ်က “သွေးသားရင်းချာ စိတ်ထား” ကြီးမားလွန်း၍သာ ကျည်ဖောက်စရာမလို၊ သွေးမြေကျမှု နတ္ထိဖြင့် ပြန်လည်ပေါင်းဆုံခဲ့ကြပေပြီ။ ထိုစိတ်ထားဦးဆောင်နေလျှင် ကျွန်တော်တို့ပြည်ထောင်စုပြိုကွဲရန် အကြောင်းမရှိပေ။

ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများမှာလည်း ကိုလိုနီများ၏ သွေးခွဲဝါဒမှိုင်းဆိပ်များ၏ အထက်က “တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမ စိတ်ထား ခိုင်မာမှု” ဟု ဆိုအပ်သည့် ပင်လုံစိတ်ထားကို တိုင်းရင်းသား လွတ်လပ်ရေးခေါင်းဆောင်ကြီးများ ပြဆိုခဲ့ပြီးပါပြီ။ အစိတ်စိတ်အမြွှာမြွှာဖြစ်ရန် သွေးထိုးခံနေရသည့်နိုင်ငံကို တစ်စုတည်း၊ တစ်စည်းတည်း တည်ဆောက်ခဲ့ကြ၏။ စိန်ရတုပင် တိုင်ခဲ့ပါပြီ။ ကျွန်တော်တို့အနေဖြင့် “ငါတို့ခေတ်ရောက်မှ ညံ့ကြသူများ” လုံးဝမဖြစ်ကြရန် ထိုစည်းလုံးမှုကို ပိုမိုခိုင်မြဲအောင် ထိန်းသိမ်းရပါမည်။

မိမိတို့နိုင်ငံ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၏ မျိုးဆက်များပီပီ သူတို့တည်ဆောက်ခဲ့သည့် “ညီညွတ်မှုစွမ်းအား”၊ “စည်းလုံးမှုလမ်းစဉ်” ကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မျက်နှာဖုံးတပ်ပြီး ဖျက်ဆီးသူ ကိုလိုနီလက်သစ်များကြောင့် အပျက်အစီးမခံရအောင် ထိန်းသိမ်းရမည်။ ထိုသူများ၏ အခိုင်းခံဘဝ မရောက်ကြရန်လည်း အထူးသတိရှိရမည်။ တစ်အူထုံ့ဆင်း၊ သွေးချင်းမောင်နှမ၊ စိတ်ရင်းပင်လုံ၊ လွှမ်းခြုံနေပါလျှင် **ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် တန်းတူညီမျှကြွယ်ဝမှုသည် မြန်မာတိုင်းရင်းသားများအကြား ကျွဲကူးရေပါဆိုသလို အလိုလိုပြည့်ဝလာမည်မှာ မလွဲမသွေပါ။** သို့ပါ၍ “တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမစိတ်ထားကို အစဉ်ဦးထိပ်ထားနိုင်ပါလျှင် ခေတ်သစ်သွေးခွဲဝါဒမှိုင်းမျိုးစုံကြားမှာ အမြင်ကြည်၍ အမှန်မြင်ကာ ငြိမ်းချမ်းဖွံ့ဖြိုးသည့် ပြည်ထောင်စုသားတိုင်းရင်းသားများအတွင်း **“ပင်လုံသစ္စာ”** သည် နောင်စိန်ရတုပေါင်းများစွာ ဆက်လက်ခိုင်ကျည် မြဲမြံနေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားအပ်ပါသည်။

(နိုင်ငံရေးမှာ ဝါဒမှိုင်းတို့၏ အထက်က “တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမစိတ်ထား” သည် နိုင်ငံအတွက် အရေးအကြီးဆုံးပါဟူသည့် အသိကို ပြပေးခဲ့သည့် ဂျာမနီနိုင်ငံတွင် ပညာသင်ကြားစဉ် (၁၉၈၅-၈၉ အထိ) အဆောင်မှာ အခန်းဘေးချင်းကပ်နေသူ သူငယ်ချင်း “Jurgen Bauermeister” အား အထူးကျေးဇူးတင်ရှိပါသည်။)

**ကျမ်းကိုး။** ။ (၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် (၁၉၇၇) တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်း။

(၂) တက္ကသိုလ်နေဝင်း (၁၉၉၈) ဗိုလ်ချုပ်အောင်ဆန်း ၏ လွတ်လပ်ရေး ကြိုးပမ်းမှု မှတ်တမ်း (ဒုကြိမ်)။

# ပြည်သူတို့အတွက် သူတစ်ပါးထိခိုက်မှု အာမခံ

သစ္စာ(MNA)

မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသည့် သူတစ်ပါးထိခိုက်မှုအာမခံအကြောင်းကို မသိသေးသော ပြည်သူများစွာ ရှိနေသည်။ သူတစ်ပါး ထိခိုက်မှုအာမခံပရီမီယံပေးသွင်းမှု မှတ်တမ်းစာအုပ်ဖြစ်သော စာအုပ်အစိမ်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်လိုင်စင်သက်တမ်းတိုးချိန်တွင် လိုအပ်သည့် မော်တော်ယာဉ်ပရီမီယံစာအုပ်ဟုသာ အလွယ်တကူသိထားကြသည်။ မည်သည့်အတွက်ကြောင့် ပရီမီယံဆောင်ရသည်၊ ပရီမီယံပေးဆောင်ခြင်းမှ မည်သည့်အကျိုးကျေးဇူးရှိစေသည် စသည်တို့ကို သိရှိသူနည်းပါးလျက်ရှိသည်။ ပြည်သူတို့ထိခိုက်နစ်နာမှုအတွက် ရရှိသည့် အခွင့်အရေးများ မသိကြသည့်အတွက် နစ်နာမှုများရှိသည့်အပြင် အချို့သော ယာဉ်ပိုင်ရှင်များသည်လည်း ပရီမီယံပေးရခြင်းကို အကျိုးမရှိ အလဟဿ ကောက်ခံနေသည့် လုပ်ငန်းဟု ထင်မြင်သူများလည်း ရှိသည်။ သူတစ်ပါးထိခိုက်မှုအာမခံဆိုသည်မှာ မိမိ၏စက်တပ်ယာဉ်ကြောင့် သူတစ်ပါးသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရခဲ့လျှင် နစ်နာကြေးငွေ ပေးချေနိုင်မည့် အာမခံအမျိုးအစားတစ်မျိုးဖြစ်သည်။

**ပရီမီယံပေးဆောင်ရသည့် အကြောင်းရင်း**

သူတစ်ပါး ထိခိုက်မှုအာမခံသည် နိုင်ငံတကာနည်းတူ ၁၉၇၆-ခုနှစ်၊ ဇူလိုင်(၁)ရက် သူတစ်ပါးထိခိုက်မှုအာမခံနည်းဥပဒေအရ မထားမနေရထားရှိရခြင်းဖြစ်သည်။ စက်တပ်ယာဉ်ဖြင့် မတော်တဆထိခိုက်မှုကြောင့်သေဆုံးသူ၊ ဒဏ်ရာရသူ၊ ပစ္စည်းဆုံးရှုံးခြင်းခံရသည့် နစ်နာသူများအတွက် စက်တပ်ယာဉ်ပိုင်ရှင်မှ ပေးလျော်ရန် တာဝန်ရှိရာ ထိုပေးလျော်ရန်တာဝန်ကို မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပခုံးပြောင်းတာဝန်ယူသည့် စနစ်ဖြစ်သည်။

**စက်တပ်ယာဉ်**

စက်တပ်ယာဉ်ဆိုသည်မှာ စက်အားကို ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကို ဖြစ်စေ အသုံးပြု၍ မောင်းနှင်ရွေ့လျားနိုင်သော ယာဉ်နှင့်ယန္တရားများကို ဆိုလိုသည်။ စက်တပ်ယာဉ်များတွင် မီးရထား၊ ရေယာဉ်၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်တပ်စက်ဘီး၊ လယ်ထွန်စက်၊ မြေတူးစက်၊ မြေသယ်စက်၊ လမ်းကြိတ်စက်၊ ဝန်ချီစက်နှင့် အလားတူစက်များအားလုံး ပါဝင်ခြင်းဖြစ်သည်။

**နစ်နာသူ**

နစ်နာသူဆိုသည်မှာ အာမခံထားသည့် စက်တပ်ယာဉ်ကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူ(သို့မဟုတ်) ပစ္စည်း ပျက်စီးဆုံးရှုံးသူကို ဆိုလိုသည်။ အဆိုပါနစ်နာသူ စကားရပ်တွင် သေဆုံးသူ၏တရားဝင် အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

**သူတစ်ပါး**

သူတစ်ပါးဆိုသည်မှာ သူတစ်ပါးထိခိုက်မှုအာမခံထားသူ ( ဥပမာ မော်တော်ယာဉ်ပိုင်ရှင်)နှင့် သူတစ်ပါးထိခိုက်မှုအာမခံလက်ခံသူ(မြန်မာ့အာမခံ လုပ်ငန်း)မှ ကျန်ပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်သည်။

**နစ်နာကြေး**

နစ်နာကြေးဆိုသည်မှာ နစ်နာသူကို ထုတ်ပေးရန် မြန်မာ့အာမခံလုပ်ငန်းက သတ်မှတ်ထားသောငွေကြေးကို ဆိုလိုခြင်းဖြစ်သည်။




သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးအား ပြည်သူများသို့ ထုတ်ပေးနေပုံ။



မြန်မာ့အာမခံလုပ်ငန်း ငွေသွင်းကောင်တာတွင် ပရီမီယံကြေးပေးသွင်းနေပုံ။

**ပြည်သူများသိရှိရန်**

နစ်နာသူသည် မိမိကိုယ်တိုင်အာမခံဝယ်ယူထားခြင်းမရှိဘဲ နစ်နာကြေး (လျော်ကြေး) တောင်းခံနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ အာမခံဝယ်ယူထားသူသည် ယာဉ်ကိုအာမခံအကာအကွယ်ပေးထားခြင်း မဟုတ်ဘဲ ထိုယာဉ်ကြောင့် ထိခိုက်နစ်နာသေဆုံးရသည့် ပြည်သူများ ငွေကြေးနစ်နာမှုအတွက် ပေးလျော်နေသည့် နစ်နာကြေးဖြစ်သည်။ သို့ရာတွင် ထိုယာဉ်ကိုမောင်းနှင်သည့် ယာဉ်မောင်း ထိခိုက်သေဆုံးခဲ့ပါက သတ်မှတ်လိုင်စင် (ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်) ကိုင်ဆောင်ထားလျှင် နစ်နာကြေးတောင်းခံနိုင်သည်။ ထို့အတူ အဆိုပါ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများ ယာဉ်ထိခိုက်မှုကြောင့် သေဆုံးမှု၊ ဒဏ်ရာရရှိမှု ဖြစ်ခဲ့ပါက စီးနင်းလိုက်ပါလာသူတို့အတွက် နစ်နာကြေးတောင်းခံနိုင်သည်။ လိုင်စင်မဲ့ယာဉ်ဖြင့် (လိုင်စင်မဲ့ကား၊ လိုင်စင်မဲ့ဆိုင်ကယ်)ထိခိုက်သေဆုံးလျှင် နစ်နာသူမှ နစ်နာကြေးတောင်းခံနိုင်သည်။ သို့ရာတွင် လိုင်စင်မဲ့ယာဉ်ကို ကိုယ်တိုင်စီးနင်း မောင်းနှင်ခြင်း၊ ဆိုင်ကယ်မစီးရနယ်မြေတွင် စီးနင်းမောင်းနှင်ခြင်း၊ အမြန်လမ်းတွင်ဆိုင်ကယ်စီးနင်းခြင်း၊ သတ်မှတ်ထားသော နေရာမှ လမ်းဖြတ်ကူးခြင်း မဟုတ်ခြင်းကြောင့် တားမြစ်ထားသည့်ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် နစ်နာကြေးမရနိုင်ကြောင်းကိုလည်း သတိပြုရမည်ဖြစ်သည်။

**ပစ္စည်းများပျက်စီးမှုကြောင့် တောင်းခံလိုလျှင်**

ပစ္စည်းများ ပျက်စီးမှုနှင့်ပတ်သက်၍ တောင်းခံလိုပါက အဆိုပါပျက်စီးသွားသောပစ္စည်းသည် စက်တပ်ယာဉ်ပေါ်တွင် တင်ဆောင်သယ်ဆောင်ထားသည့် ပစ္စည်း (သို့မဟုတ်) နစ်နာသူနှင့် အတူပါရှိသော စိန်၊ ရွှေ၊ ငွေ၊ ရတနာနှင့် ခရီးသွား အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းနှင့် သက်ဆိုင်မှုမရှိပေ။ စက်တပ်ယာဉ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော သူတစ်ပါး (Third Party) ၏ ပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် တောင်းခံနိုင်သည့် နစ်နာကြေးငွေပမာဏသည် အများဆုံး ကျပ်(၅)သိန်းဖြစ်သည်။ အကယ်၍ သေဆုံးသူအတွက် နစ်နာကြေးတောင်းခံမည်ဆိုပါက နစ်နာကြေးတောင်းခံလွှာပုံစံ၊ ပြည်သူ့ဆေးရုံမှ ဆေးအစီရင်ခံစာပုံစံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစီရင်ခံစာပုံစံ၊ သေစာရင်း (သို့မဟုတ်) ရင်ခွဲမှတ်တမ်းမိတ္တူ၊ တောင်းခံသူ၏ နိုင်ငံသားကတ်မိတ္တူ၊ နေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သေဆုံးသူနှင့်တောင်းခံသူပါရှိသော အိမ်ထောင်စုစာရင်းမိတ္တူ၊ ထိခိုက်မှုဖြစ်ပွားသည့် ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပါရှိရမည်ဖြစ်သည်။ ဒဏ်ရာရရှိမှုအတွက် နစ်နာကြေးတောင်းခံရာ၌ နစ်နာကြေးတောင်းခံလွှာပုံစံ၊ ပြည်သူ့ဆေးရုံမှ ဆေးအစီရင်ခံစာပုံစံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစီရင်ခံစာပုံစံ၊ တောင်းခံသူ၏ နိုင်ငံသားကတ်မိတ္တူ၊ နေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ထိခိုက်မှုဖြစ်ပွားသည့် ယာဉ်နှင့်ပတ်သက်သောစာရွက်စာတမ်းများ ပါရှိရမည်ဖြစ်သည်။

ပစ္စည်း ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေးတောင်းခံရာတွင် လိုအပ်သည့်ပုံစံမှာ နစ်နာကြေးတောင်းခံလွှာပုံစံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အစီရင်ခံစာပုံစံ၊ တောင်းခံသူ၏ နိုင်ငံသားကတ်မိတ္တူ၊ နေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ထိခိုက်မှုဖြစ်ပွားသည့်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ရမည်ဖြစ်ပြီး အဆိုပါ နစ်နာကြေးတောင်းခံသည့်ပုံစံများကို မြန်မာနိုင်ငံအာမခံလုပ်ငန်းရုံးချုပ်နှင့် ရုံးခွဲ(၃၉)တွင် အခမဲ့ရယူနိုင်ပြီး မြန်မာ့အာမခံလုပ်ငန်း website (www.mminsurance.gov.mm) တို့တွင် download ရယူနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

**နေ့ချင်းပြီးဝန်ဆောင်မှုပေး**

ထိခိုက်မှုကြောင့် သေဆုံးမှုဖြစ်ပွားပါက သေဆုံးသည့်နေ့မှ ၁၂ လ၊ ဒဏ်ရာရရှိပါက ထိခိုက်မှုဖြစ်ပွားသည့်နေ့မှ ၂၄ လ၊ ပစ္စည်းပျက်စီးဆုံးရှုံးလျှင် ထိခိုက်ပျက်စီးမှုဖြစ်ပွားသည့်နေ့မှ ၁၂ လ အတွင်း နစ်နာကြေးတောင်းခံနိုင်သည်။ နစ်နာကြေးကို သေဆုံးသူ၏တရားဝင်ဇနီး (သို့မဟုတ်) ခင်ပွန်းဖြစ်စေ၊ ဇနီး၊ ခင်ပွန်းမရှိပါက သားသမီး၊ အထက်ပါသုံးဦးမရှိပါက မိဘ၊ အထက်ပါလေးဦးမရှိပါက ညီအစ်ကိုမောင်နှမအရင်းအချာ၊ အဆိုပါ ပုဂ္ဂိုလ်များအားလုံး မရှိပါက အနီးစပ်ဆုံး ဆွေမျိုးတော်စပ်သူများက တောင်းခံနိုင်သည်။ နစ်နာကြေးကို မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်နှင့် ရုံးခွဲ(၃၉)ရုံးတွင် တောင်းခံနိုင်ပြီး အထောက်အထားပြည့်စုံပါက နေ့ချင်းပြီး ဆောင်ရွက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

**အာမခံနစ်နာကြေးတောင်းခံနိုင်ရန်**

မြန်မာ့အာမခံ လုပ်ငန်းအနေဖြင့် သူတစ်ပါးထိခိုက်မှု အာမခံကြေးကို အာဆီယံနှုန်းထားနှင့် ကိုက်ညီစေရန်နှင့် စက်တပ်ယာဉ်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူတို့အတွက် ခေတ်၊ စနစ်နှင့် ကိုက်ညီသော နစ်နာကြေးရရှိစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူဦးရေနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်

*စာမျက်နှာ ၁၉ သို့*

❖ **မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် သူတစ်ပါးထိခိုက်မှု အာမခံကြေးကို အာဆီယံနှုန်းထားနှင့် ကိုက်ညီစေရန်နှင့် စက်တပ်ယာဉ်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူတို့အတွက် ခေတ်၊ စနစ်နှင့် ကိုက်ညီသော နစ်နာကြေးရရှိစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူဦးရေနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံကြေးတောင်းခံသည့် ဦးရေနည်းပါးသောကြောင့် နစ်နာသူများအား ကာကွယ်ပေးသည့် သူတစ်ပါးထိခိုက်မှု အာမခံ၏ ရည်ရွယ်ချက်ကို ပြည်သူများ သိရှိလျက် အာမခံနစ်နာကြေး တောင်းခံနိုင်စေရန် နိုင်ငံပိုင်သတင်းစာမှ အသိပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်း၏ Facebook Page Website တို့တွင် အသိပညာပေးခြင်းဖြင့် အများပြည်သူအနေဖြင့် အာမခံနစ်နာကြေးတောင်းခံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်**

စာမျက်နှာ ၁၈ မှ

မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံကြေး တောင်းခံသည့် ဦးရေနည်းပါးသောကြောင့် နစ်နာသူများအား ကာကွယ်ပေးသည့် သူတစ်ပါးထိခိုက်မှုအာမခံ၏ ရည်ရွယ်ချက်ကို ပြည်သူများသိရှိလျက် အာမခံနစ်နာကြေး တောင်းခံနိုင်စေရန် နိုင်ငံပိုင်သတင်းစာမှ အသိပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်း၏ Facebook Page Website တို့တွင် အသိပညာပေးခြင်းဖြင့် အများပြည်သူအနေဖြင့် အာမခံနစ်နာကြေး တောင်းခံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**Online ဖြင့်ဝန်ဆောင်မှုပေး**

သူတစ်ပါးထိခိုက်မှု အာမခံပေးသွင်းရာတွင်လည်း မြန်မာ့အာမခံလုပ်ငန်းသို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန်မလိုဘဲ အွန်းလိုင်းမှတစ်ဆင့် ပရီမီယံကြေးပေးသွင်းနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း MPU, KBZ Pay, CB Pay နှင့် OK$ တို့ဖြင့် ပေးချေနိုင်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကညနရုံးများနှင့် ချိတ်ဆက်၍ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံကြေး ပေးသွင်းခြင်းကို Online မှ ပေးသွင်းနိုင်ရန်နှင့် ကျန်ဘဏ်များ Mobile Wallet များဖြင့် ငွေပေးချေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ Online Premium Payment စနစ် အောင်မြင်သွားပါက သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ပေးသွင်းမှု မှတ်တမ်းစာအုပ်ကို အသုံးပြုရန် မလိုတော့ဘဲ Third Party Premium Insurance Certificate စာရွက်ဖြင့် ပြန်လည်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ပြည်သူတို့အနေဖြင့် ပရီမီယံ ပေးဆောင်ခြင်းဖြင့် အကျိုးကျေးဇူးရှိမှုကို သိရှိစေမည်ဖြစ်သည့်အပြင် စက်တပ်ယာဉ် မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိရာ၌ နစ်နာကြေး မည်သို့တောင်းခံနိုင်ကြောင်းကို အများပြည်သူ ထဲထဲဝင်ဝင်သိရှိနိုင်စေရန် အသိပေးရေးသားလိုက်ပါသည်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (မန္တလေး)တို့ ပူးပေါင်းပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (မန္တလေး)မှ ဒုရဲမှူး သူဇာလွင်က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပတ်သက်သည့် သိကောင်းစရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၂ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၂၀/၁၆၃၀ ကျပ် | ၁၆၅၀/၁၆၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၃၀/၁၆၄၀ ကျပ် | ၁၆၇၅/၁၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၈၀/၁၆၀၅ ကျပ် | ၁၆၄၅/၁၆၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၄၀/၁၆၇၅ ကျပ် | ၁၇၆၀/၁၇၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၁၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၀ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၃၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၁၀၀ | ၁၇၆၇ | ၁၄၂၅၆၇၀၀ |
| MTSH | ၂၉၅၀ | ၃၀၀၀ | ၅၃၄၀ | ၁၆၀၁၆၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၂၆၉ | ၆၉၉၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၂-၂၀၂၂ သောကြာနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၃၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၄၀ စိန်ရတုပြည်ထောင်စုနေ့ဝတ်ပြိုင်ပွဲ
၀၉:၄၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၁:၁၅ ကချင်တိုင်းရင်းသားတို့၏ ချစ်စရာရိုးရာအိမ်ကလေးများ
၁၁:၄၅ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
၁၃:၃၀ MRTV National News
၁၅:၁၅ မနောအလှ Fashion Show
၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၀၅ အလှပြာဝေမနောမြေ
၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်ဇန်နဝါရီလ)(တတိယပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၃၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'တူယှဉ်နွဲပျော် ဂီတပွဲတော်' သီချင်းဆို ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်)(စိတ်ကြိုက်တေး)

သောကြာနေ့ညတိုင်းတွင် တေးဂီတချော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

mitv

07:01 Union Blood (Pann Nu Yin, Pann Su Thwin)
07:06 Chef Life: Ce'dric Davoine (French Chef)
07:31 Myanmar's Traditions and Culture: Caves of Myanmar
08:01 Skilful Marionette Performance of New Generation Artistes
08:16 Maha Muni Pagoda
08:26 Discovering Tribes: Ancient Kayah- their life and customs
09:01 News
09:27 Global Partnership for Brighter Future: Costa Rita Pavilion at Expo 2020 Dubai
09:36 Myanmar Bamboo Xylophone (or) Pattala
09:41 The Great Collector: Myanmar Antique Furniture and Handicraft
10:01 Dengue Fever
10:16 Chef Life "Oliver E Soe Thet"

MRTV NRC

ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀) အသားစားကြက်မွေးမြူရေး
အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂိုကျွန်း(အပိုင်း-၂)
အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀) အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀) ဆီးချိုရောဂါအတွက် စားပေးသင့်သော သစ်သီးများ
ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀) ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
မွန် (၁၁:၀၀ မှ ၁၃:၀၀) မွှစ်ချဉ်နှင့်ငါးရံ့ဟင်း
ရခိုင် (၁၃:၀၀ မှ ၁၅:၀၀) ရခိုင့်လာဘ်ကောင်ဗျာလွှအကြောင်း
ရှမ်း (၁၅:၀၀ မှ ၁၇:၀၀) မောရှမ်းနှင့်ရွှေမန်းနယ်စပ်ကသာယာ လုပဆင်ခေါင်းတောင်အလှ
ဝ (၁၇:၀၀ မှ ၁၉:၀၀) ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ
ကချင် (၁၉:၀၀ မှ ၂၁:၀၀) ကချင်ရိုးရာထမင်းဟင်းထုပ်
ကယား (၂၁:၀၀ မှ ၂၃:၀၀) တွဲလက်ညီညီသစ္စာတည်(အပိုင်း-၂)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူပိုက်တို့သွားရာလမ်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ
Education Channel ကို ဝနေ့၊ တနင်္ဂနွေ မှအပ
နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်နေ သန္တာလင်းသည် ၎င်းအသုံးပြုသည့် “Lin Htet Naing” Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့နေ ဒေါက်တာမိသီရိနန္ဒာကျော်သည် ၎င်းအသုံးပြုသည့် “Hpa-An News” Facebook Page၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ဆင်ကန်းရပ်ကွက်နေ မဇာနည်ထွန်း (ခ) ဇာလေး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “ဇာနည်ထွန်း” Facebook အကောင့်၊ အင်းစိန်မြို့နေ ဟိန်းကိုသက်သည် ၎င်းအသုံးပြုသည့် “မုန့်လေးမုန့်” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့နေ ရဲဝင်းမိုးသည် ၎င်းအသုံးပြုသည့် “Yae Win Moe(Ko Ye)” Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နေ မြင့်သိန်းလွင်သည် ၎င်းအသုံးပြုသည့် “Myint Thein Lwin” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စဉ့်ကိုင်မြို့နယ် စည်ပင်သာယာဈေးအတွင်း ဈေးရောင်းချနေသူများဖြစ်သည့် စဉ့်ကိုင်မြို့နေ ထွေးပိုင်၊ ဇင်ဇင်ဝင်း၊ ချယ်ရီဇင်၊ သင်းသင်းရှိန်၊ လင်းလင်းထိုက်၊ ကျော်မျိုးဟိန်း၊ ဝင်းနိုင်၊ မြမြစန်း၊ သင်းနုဝေ၊ ဖြူဖြူသက်နိုင်၊ ကျော်စန်း၊ မြင်းခြံမြို့နေ အမှတ်(၁၆) ရပ်ကွက်၊ စံပြဈေးမှ ဈေးတာဝန်ခံ ချစ်ဆွေ၊ တင်ထွန်း၊ မြင့်ဦးနှင့် ဈေးရောင်းချသူ သူဇာမျိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် (၉)ရပ်ကွက် (၃၂) အောက်လမ်း အမှတ်(၇၃) မြေညီထပ်ရှိ “ပြည်တော်သာ ကျားသဘော်” လက်ဖက်ခြောက်ဆိုင်ပိုင်ရှင် ဝင်းသိန်းပါ ၁၂ ဦးတို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၅၈) ရပ်ကွက် ဦးအုန်းလွင်လမ်းနေ ထက်ကိုဦး (ခ) ကတုံး (ဘ)ဦးဌေးအောင်သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၅၈) ရပ်ကွက် ဦးအုန်းလွင်လမ်းရှိ အထည်ချုပ်စက်ရုံအတွင်း၌ FCG-9 သေနတ် တစ်လက်၊ ၉မမကျည် ၂၃၈ တောင့်၊ ကျည်အိမ် သုံးခု၊ အပစ်ခလုတ် တစ်ခု၊ သေနတ်ဒင်အစိတ်အပိုင်း တစ်ခု၊ ကိုယ်ထည်အစိတ်အပိုင်း တစ်ခု၊ သေနတ်ပြောင်း ခြောက်ခု၊ မောင်းပြန်စပရိန် တစ်ချောင်း၊ လက်လုပ်မိုင်း လေးလုံး၊ TNT မိုင်း လေးလုံး၊ ယမ်းကြိုး တစ်ထုပ်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးတို့ကို သိမ်းဆည်းထားခဲ့ခြင်းဖြင့် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ခဲ့ခြင်းအတွက် ကြောင့်လည်းကောင်း။



ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က (က)နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ) အမှုမှ တရားခံ ထက်ကိုဦး(ခ)ကတုံး။




အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)အမှုမှ တရားခံ မျိုးမြင့်မြတ်အောင်(ခ)မျိုးကြီး(ခ) အောင်လေးနှင့် ဝေယံထက်(ခ) နိုင်ကြီး (ဝဲမှယာ)။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၁)လမ်း အမှတ်(၃၇၁)နေ ဝေယံထက် (ခ) နိုင်ကြီး (ဘ) ဦးဇော်မင်းလှိုင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၅) ရပ်ကွက် ကြေးတိုင်လမ်း အမှတ်(၂၈)နေ မျိုးမြင့်မြတ်အောင်(ခ)မျိုးကြီး(ခ) အောင်လေး (ဘ) ဦးကျော်ဇေယျအောင်နှင့် (၄၀) ရပ်ကွက် ဗိုလ်တေဇလမ်း အမှတ်(၉၉)နေ ဝင်းဇော်မိုး (ခ)မိုးဟိန်း(ခ) Brain Wave (ဘ)ဦးကျော်မင်းမင်းကိုတို့သည် တောင်ဥက္ကလာပမြို့မရဲစခန်းအား ၄၀ မမ လောင်ချာတစ်လက်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြင့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ (သို့မဟုတ်) တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကို ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်ခဲ့ခြင်းကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)၊ ရာဇသတ်ကြီးပုဒ်မ-၅၀၅(က)(က)နှင့် ၅၀ (က) တို့အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်တွင် ၎င်းတို့ကို “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ်ကို အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများကို ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ဘီးလင်းမြို့ ဘီးလင်း-နတ်ကြီးကားလမ်းဘေး၌ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေစေရန်ရည်ရွယ်၍ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး လက်လုပ်မိုင်းတပ်ဆင်သူ အကြမ်းဖက်သမား သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့ ဘီးလင်း-နတ်ကြီးကားလမ်းဘေး၌ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေစေရန် ရည်ရွယ်၍ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လက်လုပ်မိုင်းတပ်ဆင်သူ အကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဘီးလင်းမြို့ ဗိုလ်တေဇရပ်ကွက် ဘီးလင်း-နတ်ကြီး ကားလမ်းဘေး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဘီးလင်း-နတ်ကြီး ကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၄)အနီး လမ်း၏ ယာဘက် သုံးပေခန့်အကွာ၌ အကြမ်းဖက်သမား တစ်ဦးက အဆိုပါလမ်းပေါ် သွားလာလှုပ်ရှားနေသည့် အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ထိခိုက်သေကျေ၊ ဒဏ်ရာရရှိစေရန် အတွက် လက်လုပ်မိုင်းထောင် နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ပေါက်ကွဲမှုကြောင့် အဆိုပါ အမျိုးသား၏ ခန္ဓာကိုယ်မှာ အပိုင်းပိုင်းပြတ်ကာ သေဆုံးနေပြီး ပေါက်ကွဲထားသည့် နေရာမှ ဓာတ်ခဲအသေး တစ်လုံး၊ ဆားကစ်ပြားတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ရန်အတွက် လမ်းဘေး၌ မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သည့်အကြမ်းဖက်သမားနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးသိပ္ပံများတွင် မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသာမက မွေးမြူရေးကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် မွေးမြူရေး ဒီပလိုမာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းရှိပါတယ်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှာ ကနဦးအနေနဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်း သုံးကျောင်းမှာ မွေးမြူရေး ဒီပလိုမာသင်တန်းတွေကို တိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါပြီ။ စိုက်ပျိုးရေးသိပ္ပံ ပျဉ်းမနား၊ ပုသိမ်ကြီးနဲ့ ဟဲဟိုးတို့ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျောင်းသုံးကျောင်းအတွက်လိုအပ်သည့် စာသင်ဆောင်၊ အိပ်ဆောင်၊ လက်တွေ့ဆောင်၊ Mini Laboratory၊ တိရစ္ဆာန်များအတွက် အစာဂိုဒေါင်၊ တိရစ္ဆာန်များ ထိန်းသိမ်းရန်အတွက် ခြံလုပ်သားဝန်ထမ်းအိမ်ရာ၊ သင်ကြားရေး အထောက်အကူပြု တိရစ္ဆာန်များ၊ မွေးမြူရေးခြံများနှင့် စားကျက်စိုက်ပျိုးရေးလုပ်ငန်းများကို စီမံထားရှိကာ ကျောင်းတစ်ကျောင်းလျှင် ဝက် ၁၀ ကောင်၊ နို့စားနွား ၅ ကောင်၊ အသားတိုးနွား ၅ ကောင်၊ ဆိတ် ၁၅ ကောင်၊ ဥစားကြက် အကောင် ၅၀၀၊ အသားစားကြက် ၅၀၀၊ ငါးသားပေါက်အကောင် ၃၀၀၀ မွေးမြူထားရှိပြီးဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ပညာသင်နှစ်အလိုက် မွေးမြူရေး ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ)၊ စိုက်ပျိုးရေးသိပ္ပံ (သာယာဝတီ)၊ စိုက်ပျိုးရေးသိပ္ပံ (သထုံ)၊ စိုက်ပျိုးရေးသိပ္ပံ (မြစ်ကြီးနား)၊ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)နှင့် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)တို့ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့အတူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ စိုက်ပျိုးရေးသိပ္ပံ (မြောင်းမြ)၊ စိုက်ပျိုးရေးသိပ္ပံ (ရွှေဘို)၊ စိုက်ပျိုးရေးသိပ္ပံ (ဒီးမော့ဆို)၊ စိုက်ပျိုးရေးသိပ္ပံ (လုံပီး)၊ စိုက်ပျိုးရေးသိပ္ပံ (ထားဝယ်)၊ စိုက်ပျိုးရေးသိပ္ပံ (ဟုမ္မလင်း)တို့ကို ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးမြူရေးဒီပလိုမာသင်တန်းကို ဒေသတွင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရန်၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများနှင့် မွေးမြူရေးပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မွေးမြူထုတ်လုပ်မှုများအတွက် လိုအပ်လျက်ရှိသော မွေးမြူရေးပညာရှင်များ ဖြည့်ဆည်းပေးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

မွေးမြူရေးဒီပလိုမာ သင်တန်းဖွင့်လှစ်မည့် ကျောင်းတစ်ကျောင်းတွင် ကျောင်းသား ၂၅ ဦး၊ ကျောင်းသူ ၂၅ ဦး၊ စုစုပေါင်း ၅၀ လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက မွေးမြူရေး ဒီပလိုမာ Diploma in Animal Husbandry (Dip. AH) ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

မွေးမြူရေးဒီပလိုမာသင်တန်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် လေးနှစ်သင်တန်းဖြစ်သည့် မွေးမြူရေးသိပ္ပံဘွဲ့ Bachelor of Animal Science (B.A.Sc)သို့ ပေါင်းကူးတက်ရောက်ရန် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရရှိမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲ အောင်မြင်ပါက (B.A.Sc) သင်တန်း၊ တတိယနှစ်မှ စတင်တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

"အခု ကျွန်တော်တို့ စီမံဆောင်ရွက်ထားတဲ့ အနေအထားက ကျောင်းတက်မယ်ဆိုရင် စိုက်ပျိုးရေးဘက်ပဲ တက်တက်၊ မွေးမြူရေးဘက်ပဲ တက်တက် ကျောင်းတက်တဲ့အချိန်မှာ နိုင်ငံတော်ကကျောင်းသားတစ်ဦးကို ငွေကျပ်သုံးသောင်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ပြီးတော့ Scholarship တွေပေးနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သင်ရိုးညွှန်းတမ်းတွေကိုတော့ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နဲ့ညှိနှိုင်းပြီး ရေးဆွဲပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။ **သန်းမင်းအောင်(သတင်းစဉ်)**

# ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**







စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်တိုက်ခိုက်လာခဲ့ပြီး ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ကျေးရွာတွင်းရှိ နေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းဖြစ်သော်လည်း အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၊ ၎င်းတို့၏ လက်ဝေခံလူပုဂ္ဂိုလ်အချို့နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်မီဒီယာအချို့တို့က လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန် သတင်းအမှားများကို ဝါဒဖြန့်ရေးသားလျက်ရှိသည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ အင်မထီးကျေးရွာရှိ ဒေသခံရွာသားတစ်ဦးက PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်များကိုပါ သတ်ဖြတ်ပြီး မီးရှို့ဖျက်ဆီးမှုများကြောင့် အပြစ်မဲ့ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကလေးသူငယ်များပါ အနာဂတ်ပျောက်သွားရပြီဖြစ်ကြောင်း၊ ပြည်သူများ၏ဘဝကို ကိုယ်ချင်းစာပေးစေလိုပြီး ယခုကဲ့သို့ လုပ်ရပ်များကို ဘာကြောင့်လုပ်ဆောင်ရကြောင်း စသည့်မေးခွန်းများစွာဖြင့် စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်။

**အမျိုးသားတစ်ဦး**

ကျွန်တော်တို့ဘဝက တောင်သူတွေပါ။ အဲဒီတောင်သူတွေရဲ့ဘဝ တစ်ခုကို အေးအေးချမ်းချမ်းနေတာပါ။ အဲဒါကို ရက်ရက်စက်စက် သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ ၊ ကိုယ်ဝန်ဆောင် မိခင်တွေအားလုံးကို ဘာကြောင့်သတ်ရသလဲဆိုတဲ့ မေးခွန်းကို မေးချင်ပါတယ်။ အခုဆို ကျွန်တော်တို့ မိသားစုဘဝ ဘယ်လောက်ပျက်သွားပြီလဲ။ ကျွန်တော်တို့ တောင်သူတွေ ခဲကုန်းတွေမှာ လုပ်စားကြရပါတယ်။ အခု ကျွန်တော်တို့ရဲ့ ရှိစုမဲ့စုလေးတွေ ကုန်သွားပါပြီ။ ဆိုင်ကယ်တွေ၊ မီးစက်တွေ၊ စပါးပုတ်တွေ၊ ပဲစင်းငုံတင်း ၅၀ မီးလောင်သွားပါပြီ။ မနှစ်က ကုလားပဲ အကျန်တွေ၊ မြေသြဇာတွေ၊ ဆီပုံးတွေ၊ နွားစာ စဉ်းစက်တွေကို ကျွန်တော်တို့ ဘယ်လိုပြန်တည်ဆောက်ရမလဲ။ လှည်းလည်း တစ်ခြမ်းလောင်သွားတယ်။ ကိုယ်ချင်းစာပါ။ ကျွန်တော်တို့ တောင်သူတွေဘဝက ဘာမှမသိဘူးဗျ။ မသိတဲ့ လူတန်းစားတွေကိုမှ ဘာလို့အနိုင်ကျင့်ရတာလဲ။ ကျွန်တော်တို့ ဘဝလေးကို ငြိမ်းငြိမ်းချမ်းချမ်းနေတာပါ။ ပြည်သူလူထုတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေဘဝကို အိုးမဲ့၊ အိမ်မဲ့ဖြစ်အောင် ဘာကြောင့်များ လုပ်နေရတာလဲ။ ကျွန်တော်တို့နေရာကို ခင်ဗျားတို့ကိုယ်တိုင်ဝင်ပြီးခံစားကြည့်ပါ။ ကျွန်တော်တို့ သား၊ သမီးတွေကို ဘယ်လိုများ ကျောင်းထားရတော့မလဲ။ ဒါတွေကို ကိုယ်တိုင်ခံစားကြည့်ပြီးမှ လုပ်မယ်ဆို ပိုမကောင်းဘူးလား။ အခု ကျွန်တော်တို့ဘဝတွေ ပျက်သွားပြီ၊ လမ်းပေါ်ရောက်သွားပြီ။ အိမ်လည်းမရှိတော့ဘူး။ ပြည်သူတွေကို ခင်ဗျားတို့ သက်ညှာပေးပါ။ ပြည်သူ့စစ်ဖွဲ့တာနဲ့ ဘာကြောင့်လုပ်ရတာလဲကို PDF တွေအားလုံးကို မေးချင်တယ်။ ကျွန်တော်တို့ အေးအေးဆေးဆေးနေနေတဲ့ ပြည်သူတွေရဲ့ဘဝကို ဘာကြောင့်သတ်ဖြတ်ချင်ရတာလဲ၊ ဘာကြောင့် ဖျက်ဆီးချင်ရတာလဲ ကျွန်တော်တို့ကို ဖြေပေးသွားပါ။ ကျွန်တော်တို့ဘဝတွေက မပြောပြနိုင်လောက်အောင် ခံစားနေရပြီး ခင်ဗျားတို့က အောင်ပွဲခံနေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ သား၊ သမီးတွေကို ကိုယ်ချင်းစာပေးပါ၊ ပြည်သူလူထုကို ကိုယ်ချင်းစာပေးပါ။ အခု မီးလောင်ပြင်ကြီးဖြစ်သွားတော့ နွားတွေလည်း မစားရဘဲ ငတ်နေကြတာကို သိရဲ့လား။ ကျွန်တော်တို့က အေးအေးဆေးဆေးနေချင်တာ။ ဒါပေမယ့် ခင်ဗျားတို့က ရက်ရက်စက်စက် သတ်ပစ်တယ်။ ခင်ဗျားတို့ အပေါ် ဘာတွေများ ကျူးလွန်ခဲ့လို့လဲ။

**အမျိုးသမီးတစ်ဦး**

အိမ်ဆိုရင် ထရံကာ မြေစိုက်တစ်ထပ်အိမ် ဖြစ်ပါတယ်။ နှမ်းအိတ်၊ ဆန်အိတ်၊ ပဲစင်းငုံ၊ အဝတ်ချုပ်စက်က အစ အကုန်ဘာမှမကျန်ဘူး။ ကျုပ်တို့က ဘာအပြစ်မှမရှိဘဲ ဘဝဆိုးအောင် လုပ်သွားတယ်။ အခုဆို အပြစ်မဲ့တဲ့ အဘိုးအိုကြီးကို ရက်စက်စွာ သတ်သွားတယ်။ အခု ကျုပ်တို့က အမေအိုကြီးနဲ့အတူ ခံစားနေရတယ်။ အိမ်သားတွေလည်း မရှိဘူး။ ဘေးအိမ်တွေကလည်း သူတို့ အိမ်နဲ့သူတို့ဆိုတော့ အဖေအိုကြီးကို မကယ်နိုင်ကြဘူး။ ကျုပ်တို့ သုံးယောက်ကို ခေါ်သွားကြပြီ၊ အဖေအိုကြီးကို ဘာကြောင့်များ ရက်စက်သွားရတာတုံးလို့ မေးချင်ပါတယ်။ သားတစ်ယောက်က ထိုင်းမှာ၊ မြေးတွေက ဖားကန့်၊ ရန်ကုန်၊ မန္တလေးတို့မှာ အလုပ်လုပ်နေကြတယ်။ အခု ကျုပ်တို့ဘဝကို ဘယ်လိုများလုပ်ရမှာတုံး၊ ကျုပ်တို့ဘဝက ဆုံးပြီ။ ဘယ်လိုလုပ်ကိုင်စားရမှာတုံး၊ အိုးမဲ့၊ အိမ်မဲ့ဖြစ်နေပြီ။ ခြံစရာစောင်တောင် သူများဆီက တောင်းနေရတဲ့အဖြစ် ရောက်နေပြီ။ ကျုပ်တို့က အများကြိုက်အောင်လည်း လိုက်ပါတယ်။ ဘာမှ မုန်းအောင်လည်း မပြောပါဘူး။ အဘိုးကြီးဆိုလည်း ဘာမှကို မပြောတာပါ။ အခုတော့ အဘိုးကြီးကို သူတို့မို့ ရက်စက်တယ်။ ဘယ်လိုကြောင့် ရက်စက်တယ်ဆိုတာကို သိချင်ပါတယ်။

**အမျိုးသားတစ်ဦး(လူလတ်ပိုင်း)**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ အင်ကြင်းကျေးရွာမှာနေတဲ့ ပြည်သူတစ်ယောက်ပါ။ ကျွန်တော်တို့ရွာကို ပြည်သူ့စစ်ကာကွယ်ရေးဖွဲ့မယ်ဆိုပြီး ရောက်လာခဲ့တယ်။ ရောက်လာပြီး မကျေနပ်လို့ဆိုပြီး ပုလဲမြို့နယ်အတွင်းမှာရှိတဲ့ PDF တွေနဲ့ ကျွန်တော်တို့ရွာမှာရှိတဲ့ PDF တွေ ပူးပေါင်းပြီး ၃၀-၁-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီခွဲလောက်မှာ မီးလောင်တိုက်သွင်းခဲ့ပါတယ်။ မီးလောင်တိုက်သွင်းတဲ့အချိန်မှာ အပြစ်မဲ့တဲ့သူတွေကို "(ဆဲဆို၍)(ရှို့ကြဟေ့၊ ရှို့ကြဟေ့)ဆိုပြီး မီးလောင်တိုက်သွင်းခဲ့ပါတယ်။ မီးလောင်တိုက်သွင်းတဲ့အချိန်မှာ အပြစ်မဲ့တဲ့ ပြည်သူတွေကို ထွက်ပြေးရင်ပစ်သတ်တယ်။ မပြေးရင် မီးထဲထည့်ပစ်တယ်။ အဲဒီလောက်ထိ ဘာကြောင့် ရက်စက်တာလဲ။ အခု ကျွန်တော်တို့မှာ ဘယ်လောက်ခက်ခဲလဲဆိုရင် စာသင်ကျောင်းထဲမှာ မိသားစုတွေ နေစရာမရှိ၊ စားစရာမရှိ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဘာမှကို မယူနိုင်ခဲ့ဘူး။ စုဆောင်းခဲ့တဲ့ မိုးတွင်းသီးနှံတွေလည်း ဘာမှမရောင်းရသေးဘူး။ မရောင်းရသေးတဲ့ ပဲတွေကို ပုတ်ထဲမှာ ထည့်ထားတာ အကုန်လုံး မီးလောင်သွားတယ်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် အင်မထီးကျေးရွာသို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များက သွားရောက်၍ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ပြီး ကျေးရွာသူ၊ ကျေးရွာသားများအား နေအိမ်များတွင် အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါ အခြေအနေကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းများခေတ္တရပ်ဆိုင်း၍ ၂၀၂၀ ပြည့်နှစ်အတွင်း သက်ဆိုင်ရာ နိုင်ငံများသို့ ခေတ္တပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုကို အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်သည့် အခြေအနေများ ရှိလာပြီဖြစ်ခြင်းတို့ကြောင့် အဆိုပါလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာလျက်ရှိသည်။ ၂၀၂၁ ခုနှစ် မေလ မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံပေါင်း ၅၀ မှ နိုင်ငံခြားသား ၉၀၁၀ တို့သည် ကယ်ဆယ်ရေးလေယာဉ်၊ စင်းလုံးငှား လေယာဉ်တို့ဖြင့် ဝင်ရောက်လာခဲ့ပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိပြီးဖြစ်သည်။

ယင်းသို့ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံ၍ ဝင်ရောက်လာမည့် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များ ချောမွေ့စွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation(Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ရှိ SHWE Phase 2 ExPLORATION Project Area တွင် Drilling Campaign လုပ်ငန်းများအား Semi -Submersible Drilling Rig "OCEAN MONARCH" ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၃၁.၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၂ မိနစ် ၄၁.၆၀ စက္ကန့် ၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀.၁၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၄၆.၈၆ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၉ မိနစ် ၈.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၂၁.၁၄ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၃၆.၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ်၂၂.၁၅ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ရှိSHWE Phase 2 ExPLORATION Project Areaတွင် Drilling Campaign လုပ်ငန်းများအား Semi -Submersible Drilling Rig "OCEAN MONARCH" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြောင့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**ညီညွတ်ခြင်းသည်အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား။**

## မိုင်းယောင်းမြို့နယ် ဟောင်ကွေ့ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်

**မိုင်းယောင်း ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် မိုင်းယောင်းမြို့နယ် ဟောင်ကွေ့ကျေးရွာ၌ ရေရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦး၊ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက ရေပေးရေးကော်မတီဝင်များနှင့်အတူ ဟောင်ကွေ့ကျေးရွာရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၃၀ ရက်က ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဟောင်ကွေ့ကျေးရွာ ရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်း ၃ မိုင်၊ ရေတားတမံတည်ဆောက်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၀၄၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေများ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**



အုတ်ရေကန်တည်ဆောက်မှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

## စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေခြင်းသည် ကြက်သွန်ဈေးကွက်အပေါ် ရိုက်ခတ်မှုရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

စက်သုံးဆီဈေးနှုန်းများနှင့် သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်နေခြင်းသည် မိုးကြက်သွန်ဈေးနှုန်း အတက်အကျအပေါ်များစွာ ရိုက်ခတ်မှုရှိလာကြောင်း ကြက်သွန်နီကိုယ်တိုင်စိုက်ပျိုးသူများထံမှ သိရသည်။

"အခုတစ်ပတ်ထဲမှာတင် ကြက်သွန်နီဈေးတွေ ပြန်ကျပါတယ်။ ဒီနှစ်မှာ မိုးကြက်သွန်အထွက်နှုန်းကလည်း မကျဘူး။ ပုံမှန်အထွက်နှုန်းရှိတယ်။ အခုက ဈေးကျသွားတဲ့အကြောင်းရင်းက ကားခတွေဈေးတက်တာကြောင့်ပါ။ ကျွန်တော်တို့က ပွဲရုံတွေဆီ တင်ပို့ရောင်းချရုံဆိုပေမယ့် ပွဲရုံတွေကနေပြီး မြို့ကြီးတွေနဲ့ တခြားဈေးကွက်တွေဆီ ထပ်မံတင်ပို့တဲ့အခါ ကားခတွေက အရင်ထက်ဈေးတက်နေတယ်လို့ သိရတယ်။ ဆီဈေးတွေတက်တော့ ကားခတွေ ဈေးတက်တယ်။ ကားခတွေ ဈေးတက်တော့ ပွဲရုံတွေကလည်း တောင်သူတွေကို ပေးရတဲ့ ကြက်သွန်နီဈေးကို အရင်ကထက်နှိမ်တဲ့သဘောပါ"ဟု မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ထနောင်းတိုင်ကျေးရွာမှ ကြက်သွန်နီစီးပွားဖြစ်စိုက်ပျိုးသူ ကိုအောင်ကျော်မြင့်က ပြောသည်။

ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ မပွင့်လန်းသည့်အတွက် မြေဆီမြေသြဇာနှင့် ပိုးသတ်ဆေး စသည့်စိုက်ပျိုးရေး သွင်းအားစုစရိတ်များလည်း မြင့်တက်ခဲ့သည်။

"ဒီနှစ်မှာက စိုက်ပျိုးစရိတ်ကလည်း အရင်ထက်များတယ်။ အခုကျတော့ ကြက်သွန်ဈေးက ကျသွားတော့ အရည်အသွေးကောင်းကြက်သွန်နီ တစ်ပိဿာကိုမှ ငွေကျပ် ၄၅၀၊ ၅၀၀ လောက်ပဲ ရတော့တယ်။ တကယ်သာ ကြက်သွန်နီဈေးတက်ချိန်ဆို တစ်ပိဿာကို ငွေကျပ် ၁၀၀၀၊ ၁၁၀၀ လောက်အထိ ရနိုင်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင် ကြက်သွန်နီလက်ကားဈေးကွက်အတွင်း မြင်းခြံကြက်သွန်နီ အရည်အသွေးကောင်း တစ်ပိဿာလျှင် ငွေကျပ် ၅၅၀ ၊ ပခုက္ကူ ကြက်သွန်နီ အရည်အသွေးကောင်းတစ်ပိဿာလျှင် ငွေကျပ် ၅၅၀ ၊ ဆိပ်ဖြူကြက်သွန်နီ အရည်အသွေးကောင်းတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ၊ မုံရွာကြက်သွန်နီ အရည်အသွေးကောင်း တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၊ မြစ်သားကြက်သွန်နီ အရည်အသွေးကောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြကြောင်း သိရသည်။ **နန်းထက်ထက်ချစ်**

## အပြည်ပြည်ဆိုင်ရာ ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသား ၁၂ ဦးအား ပြည်နှင်ဒဏ်ပေး

**ကော့သောင်း ဖေဖော်ဝါရီ ၃**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း မြိတ်မြို့တွင် ပိတ်မိနေခဲ့သည့် ထိုင်းနိုင်ငံပိုင် ငါးသယ်လှေတစ်စင်းမှ လှေလုပ်သား ထိုင်းနိုင်ငံသား ၁၂ ဦးအား ဇန်နဝါရီ ၃၁ ရက်က အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကော့သောင်းနယ်စပ်ဂိတ်၊ မြို့မတံတားမှတစ်ဆင့် ကော့သောင်းခရိုင် တာဝန်ရှိအဖွဲ့အစည်းများက ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပြည်နှင်ဒဏ်ပေး ပြန်လည်သွားရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံသားများမှာ လွန်ခဲ့သည့်နှစ်က ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံကို ဖြတ်သန်းကာ ပြည်ပနိုင်ငံတစ်ခုသို့ ငါးသယ်ယူရန် ထွက်ခွာလာခဲ့စဉ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလ မြိတ်မြို့တွင် ပိတ်မိနေခဲ့ပြီး မြိတ်မြို့တွင်ရှိနေစဉ် ကာလအတွင်း မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုစည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်ခဲ့သဖြင့် ဒဏ်ငွေတပ်ရိုက်အရေးယူကာ ပြည်နှင်ဒဏ်ပေးမှုခံခဲ့ရပြီး မြိတ်မြို့မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကော့သောင်းမြို့နယ်စပ်ဂိတ်မှ ကော့သောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဌာနခွဲ(၂)နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးတို့မှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ရနောင်းမြို့ ဒေသအာဏာပိုင်အဖွဲ့အစည်းများထံသို့ ပြန်လည်ပို့ဆောင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သော ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထောက်ခံပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်၍ ပေးအပ်သော အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ (ခြောက်သိန်း)နှင့် အကယ်ဒမီ အခေါက်ရွှေ ၇ ပိဿာတို့ကို သုံးကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (ရုံးချုပ်) ဖွင့်လှစ်ရန် မြေ ၁ ဒသမ ၈၆ ဧကနှင့် အဆောက်အဦတို့ကို လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လျော့နည်းသက်သာသောနှုန်းထားနှင့် ငှားရမ်းဆောင်ရွက်စေခဲ့ခြင်းကြောင့် နိုင်ငံတော်က ငွေကျပ်သန်း ၅၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်း၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအတွက် နေပြည်တော်ရှိ လရောင်တောစိုက်ပျိုးသက်မွေးပညာ သင်တန်းကျောင်းစီမံကိန်း ဆောင်ရွက်ရန် ဥတ္တရသီရိမြို့နယ်ရှိ မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧကကို နေပြည်တော် စည်ပင်သာယာရေးကော်မတီထံမှ လျှောက်ထားရယူခဲ့ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ထိုက်သင့်သည့် တန်ဖိုးထက် များစွာလျော့နည်းလျက် ပေးချေခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ငွေကျပ် ၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ခြင်း။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန် နေအိမ်အဆောက်အဦကို ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းသို့ အများပြည်သူမှ ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ်သန်း ၁၆၀၀ ကျော်ကို သုံးစွဲဆောက်လုပ်စေခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ တရားစွဲတင်ပို့ခဲ့ရာ နေပြည်တော်သီးသန့် တရားရုံးတွင် ရုံးထိုင်စစ်ဆေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထပ်မံစစ်ဆေးတွေ့ရှိချက်များအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေး ရာထူးလက်ရှိဖြစ်ခဲ့စဉ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းများအဆင်ပြေစေရန် အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း လှူဒါန်းငွေအဖြစ် အကြောင်းပြု၍ ပေးအပ်သည့် အမေရိကန်ဒေါ်လာ ၅၅၀,၀၀၀ (ငါးသိန်းငါးသောင်း) ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း လေးကြိမ်ခွဲ၍ ရာထူးတာဝန်ကို အလွဲသုံးစားပြုကာ တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)နယ်မြေရဲစခန်းတွင် ဖေဖော်ဝါရီ ၃ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၃

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်တစ်စီး အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် စစ်ကိုင်းမြို့နယ်အတွင်းရှိပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စစ်ကိုင်းမြို့နယ် ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက SGG 4L-3365 နှင့် HSE/1613 နံပါတ်တပ်ဆင်ထားသည့် Toyota Hiace အမျိုးအစားလူမှုကူညီရေးယာဉ် နှစ်စီးဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ထုတ်ယူခဲ့ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မုံရွာ-မန္တလေး ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာခဲ့ရာ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအနီး မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၆၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြား အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လမ်း၏ ဝဲဘက်အခြမ်းမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း HSE/1613 လူမှုကူညီရေးယာဉ်၏ ရှေ့လေကာမှန်ကွဲအက်ကာ ယာဉ်၏ ဝဲဘက်နောက်ဘီး ပွင့်ထွက်ပျက်စီးခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား ပြန်လည်ပြင်ဆင်၍ စစ်ကိုင်းမြို့သို့ လိုက်ပါပို့ဆောင်ပေးသည်။

ထိုကဲ့သို့ ပြည်သူများအား ထိုးနှံပေးမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်။

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောPTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-3တွင် (Aung Sinkhk Development Project)အောင်သင်္ခ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်ဆောင်ရွက်နိုင်ရန်အတွက် Marine Baseline Survey of EIA studies လုပ်ငန်းများအားSurvey Vessel “MV.HAI DUONG 68” ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinates များဖြစ်သော Point WP1မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၃၃.၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၄၀.၄၁ စက္ကန့်၊ Point WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၄.၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၄၉.၅၀ စက္ကန့်နှင့် Point Reference Station မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၈.၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄ မိနစ် ၇.၉၄ စက္ကန့်အတွင်းနှင့် (Appraisan/Exploration Drilling Calpaign) အကဲဖြတ်ရှာဖွေတူးဖော်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန်အတွက် Marine Baseline Survey of EIA Studies လုပ်ငန်းများအား Survey Vessel “MV. HAI DUONG 68” ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinates များဖြစ်သော Point Well no.1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀.၈၄ စက္ကန့်နှင့် Point Reference Station မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ် ၄၇.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၂၀.၈၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-3 တွင် (Aung Sinkhk Development Project and Appraisal/Exploration Drilling Campaign) အောင်သင်္ခ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အကဲဖြတ်ရှာဖွေတူးဖော်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် Marine Baseline Survey of EIA Studies လုပ်ငန်းများအား Survey Vessel “MV.HAI DUONG 68”ရေယာဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါရုံးသုံးစက်ကိရိယာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **Lot 1**
- Desktop Computer, (Intel Core i7, RAM 8GB, HDD 2TB) — ၈ စုံ
- Desktop Computer (Intel Core i7 11th Generation, RAM 4 GB, HDD 2TB) — ၁၀ စုံ

(ခ) **Lot 2**
- Sharp Copier 600x600 dpi, USB 2.0, 10 Base– T,100 Base–TX — ၄ လုံး
- Sharp Copier 600x600 dpi, 1 GB, USB 2.0, Network, Printer, Color, Scanner — ၁၅ လုံး

(ဂ) **Lot 3**
- Airconditioner (1.5 HP)(Split Type, Inverter/R410a) — ၆လုံး
- Airconditioner (2 HP)(Split Type, Inverter/ R410a) — ၁၉ လုံး

(ဃ) **Lot 4**
- CCTV System Device & Accessories Equipment — ၁ စုံ

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇-၂-၂၀၂၂ ရက်မှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အအုံထောက်ပံ့ဌာနတွင်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၂၁-၂-၂၀၂၂ရက် ၁၅:၀၀နာရီနောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၆၇-၃၄၁၂၃၄၁ (နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ အဆောက်အအုံထောက်ပံ့ဌာန)

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁

ဒေါ်ဖန်စိန် — လျှောက်ထားသူ
အမှတ်(၆)ရပ်ကွက်၊ အုန်းချောကျေးရွာ၊
ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ကွယ်လွန်သူ ဦးဘသိုက်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ အမှတ်(၆)ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘသိုက် ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဖန်စိန်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်(၁၃၈၃ခုနှစ် တပို့တွဲလပြည့်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘသိုက်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၈၃ခုနှစ် တပို့တွဲလပြည့်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဖန်စိန်၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

